
# နှာခေါင်းရှည်နတ်ပုလေး နှင့်

## ပျော်ရွှင်ဖွယ်ပုံပြင်များ(၁)

ကြွပ်ကလေး



mgyoe.com

ယခင် စန္ဒာမဂ္ဂဇင်းတွင် စောင့်ဖတ်ရင်း
ရယ်မောခဲ့ရသော

# ကြွပ်ကလေး ၏ ဟာသပုံပြင်များကို

တစ်စုတည်း ၁၀ အုပ် စီစဉ်ထုတ်ဝေလိုက်ပါပြီ။

နှာခေါင်းရှည်နတ်ပုလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၁)
သက်တံ့ရောင်ကျောက်တုံးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၂)
ဆင့်အချစ်တော်မောင်အောင်ဘော် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၃)
ဒင်္ဂါးတိုင်းပြည် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၄)
ရွှေ့ရွှေ့သွားသော ကျောက်တုံးကြီး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၅)
ပြောင်းပြန်လက်ရှည်ဝေလေလေ နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၆)
သီချင်းဆိုသောလက်ညှိုးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၇)
ကိုယ်ပျောက်ကြွက်တောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၈)
စိတ်ဆိုးသွားသော နတ်ပြက်ကလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၉)
ကြံတိုင်းအောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၁၀)

စုစုပေါင်း ပုံပြင် ၁၀၆ ပုဒ်တိတိ

KKL0002
1,000.00 KS

mgyoe.com

၃၉၈.၂

ကြပ်ကလေး

နှာခေါင်းရှည်နတ်ပုလေးနှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ/

ကြပ်ကလေး။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၀၉။

စာမျက်နှာ ၁၈၄ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၈.၃ စင်တီ

(၁)နှာခေါင်းရှည်နတ်ပုလေးနှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

နှာခေါင်းရှည်နတ်ပုလေးနှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၁)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၉၀၀၉၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၃၆၀၇၀၉ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း Mg Mg ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဩဂုတ်လ တွင် တန်ဖိုး ၁၀၀၀ ကျပ် ဖြန့်ချိသည်။

စာအုပ်ချုပ် ဝင်းမဟ

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဖိုးကဲနှင့်ခါချဉ်များ ၁

၂။ မနာလိုသူ ဦးတတ် ၁၁

၃။ ဦးသဝ္ဂန်ကြောင်နှင့် ကလေးများ ၂၀

၄။ ဆရာခေါင်းကြီး ၃၆

၅။ ဖူးစာတမန် ၅၃

၆။ တက်တက်တူ ဒေါင်ဒေါင် ၇၅

၇။ ကြမ္မာဒေဝီ၏ အချစ်တော် ၉၇

၈။ ရွှေကြာဝတ်ဆံ ၁၂၂

၉။ နှာခေါင်းရှည် နတ်ပုလေး ၁၄၁

၁၀။ ချိုတူး ၁၅၈



❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဖိုးကဲနှင့်ခါချဉ်များ

တစ်ခါက ဘုရင့်နေပြည်တော်၏ အပြင်ဖက်တွင်. . . တဲအိမ်ကလေးတစ်အိမ် ရှိလေသည်။

ထိုအိမ်ကလေးတွင် ဖိုးကဲအမည်ရှိ လူပျိုပေါက်ကလေးနှင့် သူ၏အဘိုးတို့နေထိုင်ကြ၏။ သူတို့သည် အလွန်ဆင်းရဲသဖြင့် မနီးမဝေးရှိ တောထဲသို့သွားပြီး ထင်းများခွေကာ ဘုရင့်နေပြည်တော်ထဲဝင်၍ ရောင်းချကာ အသက်မွေးဝမ်းကျောင်းကြရလေသည်။

တစ်နေ့သ၌ အဘိုးဖြစ်သူမှာ ခါးနာနေသဖြင့် ဖိုးကဲတစ်ယောက်တည်းသာ တောထဲသို့သွား၍ ထင်းခွေရလေသည်။ ဖိုးကဲသည် တရွေ့ရွေ့နှင့် တောနက်ရာသို့ ဝင်ရောက်သွားလေသည်။

တောတွင်းတစ်နေရာတွင် ဘီးလူးကြီးတစ်ကောင်သည် ခြုံတွေကြားထဲတွင် ပက်လက်လှန်၍ အိပ်နေလေသည်။ ဘီလူးကြီး၏ ခြေထောက်တစ်ဖက်မှာ ခြုံတွေကြားက ထွက်နေသော်လည်း ခြုံများ၊ မြက်ရိုင်းပင်များ ကွယ်နေသဖြင့် ခြေသလုံးမွေးများကိုသာလျှင် ထိုးထိုးထောင်ထောင်နှင့် မြင်ရလေသည်။

ဖိုးကဲလည်း တရွေ့ရွေ့နှင့်ဘီလူးကြီး၏ ခြေထောက်နားသို့

mgyoe.com

ရောက်လာလေတော့သည်။ သို့သော် ဘီလူးကြီး၏ ခြေသလုံးမွေးများမှာ နီညိုရောင်ရှိ၍ မာတောင့်တောင့်နှင့်ဖြစ်ရာ ထိုခြေသလုံးမွေးများကို သူမမြင်ဘူးသော သစ်ခြောက်ပင်ကလေးများ ဖြစ်မည်ဟု ဖိုးကဲက ထင်မိလေ၏။

ထို့ကြောင့်ပင် ခွေပြီးသား ထင်းစည်းငယ်ကိုချ၍ ဓားမတိုကလေးကို ခါးတွင်ထိုးလိုက်ကာ သစ်ခြောက်ပင်တစ်ပင်ကို ခြေစုံကန်၍ ဆွဲနုတ်လိုက်လေ၏။

"ဟယ်- နင့်ဘိုးအေတဲ့မှပဲ၊ ဘယ်ကောင် ငါ့ခြေသလုံးမွေးတွေလာနုတ်သလဲဟ" ဟု ဘီလူးကြီးသည် မိုးချုန်းသံကဲ့သို့သော. . . အသံနှင့် အော်ဟစ်ပြီး ခြေထောက်ကို ရုပ်၍ထရန် ပြင်လိုက်လေ၏။

ဖိုးကဲသည်လည်း. . ထင်းစည်းလေးကို ယူရန် အချိန်မရတော့သဖြင့် ထမင်းထုပ်ကလေးကိုသာ ဆွဲ၍ ခြေဦးတည့်ရာ ထွက်ပြေးလေတော့သည်။ ဘီလူးကြီးသည် နောက်ကလိုက်လာသော်လည်း မျက်ခြည်ပြတ်သွားလေ၏။

ဘီလူးကြီး မျက်ခြည်ပြတ်သွားမှ ဖိုးကဲလည်း တစ်နေရာတွင်ထိုင်၍ အမောဖြေလေသည်။ အမောပြေသည်နှင့်တစ်ပြိုင်နက်ထမင်းဆာလေသည်။ ထို့ကြောင့် ပါလာသော ထမင်းထုပ်ကလေးကို ဖြည်၍ စားမည်ပြု၏။

ထိုခဏ၌. . . အနားရှိတွင်းထဲမှ ခါချဉ်များသည် တစ်အုပ်ကြီးထွက်၍ လာလေသည်။ ရှေ့ဆုံးမှ ခါချဉ်ဘုရင်ကြီးက-

"ကိုဖိုးကဲရေ ကျုပ်တို့ တိုင်းပြည်မှာ. . . အငတ်ဘေးနဲ့ ရင်ဆိုင်နေလို့ ထမင်းနည်းနည်းမျှပါ. . ." ဟု ပြောသည်။

mgyoe.com

 mgyoe.com 

သနားတတ်သော. . ဖိုးကဲသည် ထမင်းထုပ်၏တစ်ဝက်ကို ခါချဉ်များအားပေးကျွေးပြီး တစ်ဝက်ကိုသာလျှင် သူစား၏။ ခါချဉ်များသည် ထမင်းများကို သယ်ယူသွားကြသည်။ နောက်ဆုံးတွင် ခါချဉ်ဘုရင်ကြီးက. . .

"ကျေးဇူးတင်ပါတယ်. . . ကိုဖိုးကဲ၊ နောင်ကို ဘာအကူအညီပဲလိုလို. . ကျုပ်တို့ကိုခေါ်လိုက်ပါ။ ဒေါင်ဒေါင်ဒင်ဒင်၊ ကိုခါချဉ်တို့ အလျင်အမြန်လာကြတော့ဆိုတဲ့ ဂါထာလေးကို ရွတ်လိုက်ရင် ကျုပ်တို့ ချက်ချင်းရောက်လာပြီး ခင်ဗျားကို ကူညီမယ်" ဟု ပြော၍ ထွက်ခွာသွားလေ၏။

ဖိုးကဲလည်း သူ့ထင်းစည်းလေးကို. . ပြန်ရလိုရငြား၊ စောစောက နေရာသို့ပြန်လာခဲ့၏။ သို့သော်- မလှမ်းမကမ်းတွင် သူ့ကိုရှာနေသော ဘီလူးကြီးနှင့် တွေ့သဖြင့် ပြေးရပြန်လေ၏။ ဤတစ်ချီတွင်ကား ဘီလူးကြီးသည် သူ့နောက်က ထပ်ကြပ်မကွာ လိုက်လာလေသည်။

ဖိုးကဲသည် ပြေးရင်းလွှားရင်းနှင့် ကျောက်တောင်နံရံရှိ လိုဏ်ဂူဝကြီးတစ်ခု ရှေ့သို့. . . ရောက်လာလေ၏။ ဂူတွင်းသို့ အတင်းဝင်ပြေးသောအခါ ဂူသည်အဝတွင် အကျယ်ကြီး ဖြစ်သော်လည်း အတွင်းပိုင်းရောက်လေ ကျဉ်း၍ နိမ့်လာလေဖြစ်၏။ မှောင်လည်း မှောင်လာသည်။

ဖိုးကဲသည် အမှောင်ရိပ်တစ်နေရာတွင် ခိုကပ်၍နေ၏။ ဘီလူးကြီးသည် ဒေါသနှင့်အတင်းပြေးဝင်လိုက်လာရာ. . ကျဉ်းမြောင်းသော နေရာသို့ ရောက်သော်၊ ဂူအမိုးနှင့် သူ့ဦးခေါင်းတို့ ဒုန်းခနဲဆောင့်မိလေတော့၏။

mgyoe.com

"သေပါပြီ အမေရာ"

"ဘီလူးကြီးသည် အော်၍ ဖင်ထိုင်လျက်ကျသွား၏။ ထိုနောက်မှ နဖူးကို လက်ကလေးနှင့်ပွတ်ကာ အသာပြန်ထပြီး၊ ဂူအတွင်းဖက်ဆီသို့ အနံ့ခံကြည့်၏။ လူနံ့ရသဖြင့် ဖိုးကဲရှိသေးသည်ကို သိကာ. .

"ဟေ့ကောင်. . သတ္တိရှိရင် လာခဲ့ကွ" ဟု အော်လိုက်၏။

ဖိုးကဲကမူ ဘာမှ ပြန်မပြောချေ။ သို့သော် ဘီလူးကြီး၏ အော်သံမှာ အတွင်းဖက်ဆီမှ ပဲ့တင်ရိုက်၍ ပြန်ထွက်လာ၏။

"ဟေ့ ဟေ့ ကောင် ကောင် သတ္တိ တိ ရှိ-ရှိ-ရင်. . . ဟင် ဟင် လာခဲ့ကွ ဟ-ဟ. . ."

ပဲ့တင်ရိုက်သည်ကို ဘီလူးကြီးက ဖိုးကဲ ပြန်အော်သည်မှတ်ပြီး ဒေါသပိုထွက်လာကာ ဒေါသဇောနှင့် အတင်းဝင်ပြေးပြန်ရာ အပေါ်က အမိုးသည် ဒုန်းခနဲ နဖူးကို ဆောင့်ပြန်သဖြင့် ဖင်ထိုင်ကျပြန်လေ၏။

နောက်ဆုံးတွင်. . . ဘီလူးကြီးမှာ ဂူဝကပင် အထွက်ကို စောင့်မည်ဟူသော အကြံနှင့်ထိုင်နေလေ၏။

ဖိုးကဲသည်လည်း သူ၏မိတ်ဆွေ ခါချဉ်များကို သတိရလေသည်။

"ဒေါင် ဒေါင် ဒင် ဒင်

ကိုခါချဉ်တို့-

အလျင်အမြန် လာကြလော့"

ဖိုးကဲက ရွတ်ဆိုလိုက်ပြီးသည့် အချိန်နှင့်ဘီလူးအိမ်ရှေ့မင်းသားကြွရောက် လာချိန်တို့မှာ ကိုက်ညီသွား၏။

mgyoe.com

 gyoe.com


ဂူဝမှ ဘီလူးကြီးသည် အိမ်ရှေ့မင်းသားရောက်လာသဖြင့် မတ်တတ်ထ၍. . အရိုအသေပေး၏။ ဘီလူးအိမ်ရှေ့မင်းသားက-

"အခုလို အရိုအသေပေးတာ ကောင်းတယ်။ နောက်ထပ်ရှိသေကြောင်း ဘယ်လို ပြနိုင်သေးသလဲ" ဟုမေးလိုက်စဉ် ခါချဉ်အုပ်ကြီးသည် ဂူဝမှ ဘီလူးကြီးပေါ်တက်၍ အစွမ်းပြကြလေ၏။

ဘီလူးကြီးသည်. . . တင်ပါးကိုဆတ်ခနဲ ကုတ်လိုက်၏။ ကျောကကောင်က ကိုက်ပြန်၏။ လက်တစ်ဖက်က ကျောကိုနောက်ပြန်ကုတ်၏။ ဖနောင့်အထက်နားက ကောင်က ကိုက်ပြန်သည်။ ကုန်း၍ မကုပ်ဝံ့သဖြင့် ဖနောင့်ကိုမြှောက်၍ တင်ပါးနှင့်ရိုက်ပြီး. . ခြေပြန်ချ၏။ တစ်ဖက်ဖနောင့်က ကောင်က ကိုက်ပြန်၏။ ခြေတစ်ဖက်နောက်သို့ မြှောက်၍ပြန်ချရပြန်၏။ ဂျိုင်းအောက်က ကောင်ကကိုက်ပြန်၏။ လက်ကို မြှောက်လိုက်၏။ ကြာသော်. . ဘီလူးကြီးသည် တစ်ကိုယ်လုံး. . ထိုးထိုးထွန့်ထွန့်နှင့် ဖြစ်လာသည်။

"ရိုသေတာကို ပြပါဆိုမှ ငါ့ကို နောင်ပြောင်ပြီး ကပြဦးဟယ်. . ကပြဦးဟယ်. . ."

ဘီလူးအိမ်ရှေ့ မင်းသားသည် ခြေနှင့်ပိတ်ပိတ်ကန်လေရာ ဂူဝမှ ဘီလူးကြီးသည် ထွက်ပြေးရလေ၏။ သူ၏ခါးတွင်. . ချည်ထားသော ကျောက်မျက်ရတနာထုပ်မှာ ဂူဝတွင် ကျကျန်ခဲ့လေတော့သည်။

ဘီလူးအိမ်ရှေ့မင်းသားလည်း တခြားဖက်သို့. . ထွက်သွားလေ၏။ ထိုအခါမှ ဖိုးကဲသည် အထဲမှ ထွက်လာကာ ကျောက်မျက်ရတနာထုပ်ကို ကောက်၍ပြန်လာခဲ့လေသည်။

သို့သော် တောစပ်အထွက်နားသို့ ရောက်သောအခါ ဘီလူး

mgyoe.com

ကြီးနှင့် တွေ့၍ အိမ်သို့ပြန်ပြေးရပြန်လေ၏။ ဘီလူးကြီးလည်း နောက်က လိုက်လာလေသည်။

ပြေးဝင်လာသော ဖိုးကဲကို အဘိုးက တွေ့တွေ့ချင်း ထင်းစည်း အစား အထုပ်တစ်ထုပ်ကို တွေ့သောကြောင့်-

"ဟဲ့- ဘာပါသလဲ ဖိုးကဲ. . ."

"ဘီလူးကြီး ပါလာတယ် ဘိုးဘိုးရေ. . ."

သို့သော် အဘိုးက 'ဘီးလူးကြီး' ဟု မကြားဘဲ 'အာလူးကြီး' ဟု ကြားမိသဖြင့်. . .

"ဟဲ့ ဒါဖြင့်ရင်လဲ ပါးပါး,ပါးပါးလှီးပြီး ဆီနဲ့ကြော်စားရအောင်လေ. . ."

ဟုပြောလိုက်ရာ အိမ်ပြင်မှဘီလူးကြီးက ကြားလေသော် သူ့ကိုဆီနှင့်ကြော်စားမည်ဟု ပြောသည်ထင်မှတ်၍ "အမယ်လေး. . ကျုပ်ကိုတော့ ပါးပါးလှီးပြီး ကြော်မစားပါနဲ့ ဗျ. . ." ဟုအော်၍ ထွက်ပြေးသွားလေတော့၏။

ဖိုးကဲတို့ မြေးအဖိုးသည် အခြေအနေအပျက် ထင်းကိုခွေ၍ပင် ရောင်းစားနေလေရာ၊ တစ်နေ့သော် ဖိုးကဲသည် နေပြည်တော်ထဲ၌ ဘုရင့်သမီးတော်ကို မြင်ခဲ့ရ၏။ ဘုရင့်သမီးကို လိုချင်သည်ဟု ပူဆာလေရာ အဘိုးမှာ မတတ်သာတော့ဘဲ နန်းတော်သို့ဝင်၍ ဘုရင်ကို လျှောက်တင်ရတော့သည်။

ဘုရင်သည် စိတ်ဆိုးသော်လည်း စိတ်မဆိုးချင်ယောင်ဆောင်၍ ဖိုးကဲကို လွှတ်လိုက်ပါ။ တွေ့မြင်လိုပါသည်ဟု ပြောလိုက်၏။

နောက်တစ်နေ့တွင် ဖိုးကဲသည် အဝတ်အစား လှလှပပဝတ်ဆင်၍ ဘုရင်၏ညီလာခံသို့ ဝင်ရောက်လာလေ၏။

mgyoe.com

ဘုရင်သည် ဖိုးကဲကို ရွံ့ရှာသလို ကြည့်ပြီး. . .

"နင့်လို လူဆင်းရဲက ငါ့သမီးတော်ကို လိုချင်ရသလား. . နင့်မှာ ဘာအစွမ်းရှိလို့လဲ၊ ငါမပေးစားဘူး၊ ကဲ နင်ဘာတတ်နိုင်သေးလဲ. . ."

ဟုပြောရာ ဖိုးကဲသည် သူ့မိတ်ဆွေခါချဉ်များကို ဂါထာရွတ်၍ ခေါ်လိုက်လေ၏။ ချက်ချင်းပင်. . . ခါချဉ်အုပ်ကြီးသည် ညီလာခံထဲသို့ တိတ်ဆိတ်စွာ ရောက်လာကြလေ၏။

ညီလာခံတွင် ဝပ်၍ ခ,စားနေသော ပုဏ္ဏားတော်ကြီး၏ ဖင်မှာ ဟိုဖက်ရမ်းလိုက်,ဒီဖက်ရမ်းလိုက်နှင့် ဖြစ်လာလေ၏။ အနားက စစ်သူကြီးက မျက်စောင်းထိုး၍ ခပ်တိုးတိုး"ဘာဖြစ်လို့ ရွစိ ရွစိ ဖြစ်ရတာတုန်း. . ." ဟု ပြောကာရှိသေး၊ သူ့ကျောထဲသို့လည်း ခါချဉ်များ ဝင်ကိုက်လေရာ 'ရှူး'ဟု အော်မြည်၍ ကျောကော့သွားပြီး ပခုံးနှစ်ဖက်မှာ က,သလို လှုပ်သွား၏. . .။

အနားမှ ဝန်ကြီး၏နောက်စိတွင်လည်း ခါချဉ်က ခဲလေရာ. . 'အလယ်လယ်' ဟုအော်၍ ဝန်ကြီးသည် နောက်စိကိုယောင်၍ အားရပါးရ ပွတ်လိုက်မိသဖြင့် ဦးဆောင်းကြီးမှာ ဖုတ်ခနဲ ရှေ့သို့ ပြုတ်ကျပြီး ကြမ်းပြင်ပေါ်၌ လိမ့်သွားလေ၏။ ဝန်ကြီးမှာ ကပျာကယာလှမ်းဆွဲ၍ ပြန်စွပ်ရ၏။

မကြာမီပင် ညီလာခံတစ်ခုလုံးမှာ ထိုင်လျက် က,နေကြသလို လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြလေ၏။

"သယ်. . ဘာဖြစ်လို့ ဣန္ဒြေမဲ့ကြရတာလဲ. . ."

ဘုရင်က ဒေါသနှင့်ကြိမ်းမောင်းလိုက်၏။ ထိုအချိန်တွင် ပလ္လင်ပေါ်သို့ တွယ်တက်နေသော ခါချဉ်ပျားသည် ဘုရင်၏ ပုဆိုးကြား

mgyoe.com

ထဲသို့ ရောက်လာကြလေပြီ။

ပြောရင်း၊ ဆိုရင်းပင် ဘုရင်ကြီးသည် ဆတ်ခနဲ မတ်တတ်ရပ်လိုက်ရပြီး ဟိုပွတ် ဒီပွတ်နှင့် သူကိုယ်တိုင် ထိုး ထိုး ထွန့် ထွန့် ဖြစ်ရလေတော့သည်။

"အလယ်လယ်. . ကိုက်သဟ ငါ့ကို ကိုက်သဟ. . ."

ဘုရင်ကြီးက အော်မြည်လိုက်၏။ ခါချဉ်များမှာ ဟိုကိုက်၊ဒီကိုက်နှင့် ဝိုင်းကိုက်ကြလေရာ နန်းတော်ကြီးထဲရှိလူများမှာ ဇိုးဇိုးဇတ်ဇတ်နှင့် အငြိမ်မနေနိုင်ဘဲ ကခုန်နေကြသလို ဖြစ်နေကြလေ၏။

"ဟေ့ ဖိုးကဲ. . မောင်ဖိုးကဲလေးရယ်. . ငါ့သမီးတော်နဲ့ပေးစားပါ့မယ်. . မင့်အကောင်တွေကို မောင်းထုတ်ပေးပါ. . ."

ရှင်ဘုရင်ကြီးက အလျှော့ပေးတော့မှ. . . ဖိုးကဲက အမိန့်ပေးလိုက်သဖြင့် ခါချဉ်များ ပြန်ကုန်ကြလေသည်။ ရှင်ဘုရင်ကြီးက သုံးရက်မြောက်နေ့၌ လက်ထပ်ပွဲကျင်းပပေးမည်ဟု ကတိပေးသဖြင့် ဖိုးကဲသည် အိမ်ပြန်ခဲ့၏။

စစ်သူကြီးက မကျေမနပ်ဖြစ်နေသည်။ သူ၏သားကို ဘုရင့်သမီးတော်နှင့်ပေးစားချင်၏။ ထို့ကြောင့် သူကိုးကွယ်သော ရသေ့ကြီးထံသွားကာ အကြောင်းစုံလျှောက်တင်လေ၏။ ရသေ့ကြီးက စစ်သူကြီးကို ခါချဉ်နိုင်ဂါထာကို သင်ပေးလိုက်၏။

"အုံအုံ အင်အင်၊

ကိုခါချဉ်တို့၊

အလျင်အမြန် သွားကြလော့"

ဤဂါထာကို သင်ပေးလိုက်၏။ သို့သော် ဂါထာကို သုံးခေါက်

mgyo.com

mgyoe.com

ဆောင်၍ မထစ်မငေါ့ရွတ်ရမည်။ ထစ်ငေါ့သွားလျှင် တစ်မျိုးတစ်မည် ဖြစ်သွားလိမ့်မည်ဟု မှာလိုက်၏။

လက်ထပ်ပွဲနေ့ ရောက်သောအခါ ရှင်ဘုရင်ကြီးကို စစ်သူကြီးက "မိမိသည် ခါချဉ်များကို နှိမ်နင်းပါမည်၊ မပေးစားပါနှင့်" ဟု လျှောက်သဖြင့် ဖိုးကဲရောက်လာသောအခါ ရှင်ဘုရင်ကြီးက မပေးစားတော့. . ၊ လုပ်ချင်ရာ လုပ်ဟုငြင်းပြန်လေ၏။

ထိုအခါ ဖိုးကဲက ခါချဉ်များကို ခေါ်လိုက်သည်။ ခါချဉ်များရောက်လာသောအခါ စစ်သူကြီးက ဂါထာကိုရွတ်၏။

"အုံ. . အုံ. . အင်. . . အင်"

ဂါထာကိုမေ့သွားလေပြီ။ စစ်သူကြီး ချွေးပြန်လာ၏။

"အုံအင်. . အုံအင်. . အုံ-အင် အုံ-အင်. . ."

စစ်သူကြီးသည် ထစ်ငေါ့စွာ ရွတ်နေစဉ်ပင် ဖားအုပ်ကြီးဝင်ရောက်လာပြီး "အုံ-အင်. . အုံ-အင်. . ." နှင့် ဝိုင်းအော်ကြလေ၏။ ဖိုးကဲ၏အမိန့်နှင့် ခါချဉ်များက ဖားများကို ကိုက်လွှတ်သဖြင့် ဖားတို့ထွက်ပြေးကြလေရာ စစ်သူကြီးလည်း ဘာစိတ်ပေါက်လာသည်မသိ၊ လေးဖက်ထောက်၍ ဖားကဲ့သို့ ခုန်ဆွ,ခုန်ဆွလုပ်ကာ ဖားတွေနောက်သို့ လိုက်ပါသွား၏။ ဖားများ ရေကန်ထဲသို့ခုန်ချသော်. . . သူလည်း လိုက်၍ခုန်ချရာရေနစ်သေဆုံးလေတော့သည်။

ဖိုးကဲသည်လည်း သူပိုင်ဆိုင်သော ကျောက်မျက်ရတနာထုပ်ကို ရှင်ဘုရင်အား ဆက်သရာ ရှင်ဘုရင်သည် များစွာကျေနပ်၍ ဖိုးကဲနှင့်သမီးတော်တို့ကို လက်ထပ်ပေးလိုက်လေသတည်း။

ကလေးတို့ အောင်မြင်ပျော်ရွှင်ကြပါစေ။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# မနာလိုသူ ဦးတတ်

တစ်ခါက ရွာတစ်ရွာတွင် ဖိနပ်ချုပ်သမား ဦးမြတ်နှင့်အပ်ချုပ်သမား ဦးတတ်ဆိုသော လူနှစ်ယောက်ရှိကြသည်။ နာမည်များမှာ ဦးမြတ်နှင့်ဦးတတ်ဖြစ်ကြသဖြင့်. . . ဆင်တူ၏။ အလုပ်အကိုင်မှာလည်း တစ်ယောက်က ဖိနပ်ချုပ်သမား၊ တစ်ယောက်က အပ်ချုပ်သမားဖြစ်သဖြင့် အသံတူကြ၏။ သို့သော် သူတို့နှစ်ယောက်သည် ညီအစ်ကိုလည်း မတော်စပ်ကြ၊ စိတ်သဘောထားချင်းလည်း အလွန်ကွာခြားကြလေသည်။

ဦးမြတ်သည် စိတ်သဘောကောင်း၏။ သူတစ်ပါးကို ကူညီတတ်၏။ အသုံးအဖြုန်းမကြီး။ ဦးတတ်ကား ဤသို့မဟုတ်ချေ။ မနာလိုဝန်တိုတတ်၏။ သူတစ်ပါးကို ဘယ်တော့မှမကူညီ၊ အသုံးအဖြုန်းလည်း အလွန်ကြီး၏။

ထို့ကြောင့် ဦးမြတ်သည် လူချစ်လူခင်များပြီး ငွေကြေးစုဆောင်းမိ၍ ကောင်းကောင်းနေရသည်။ ဦးတတ်သည်ကား လူမုန်းများ၍ ပိုက်ဆံရှာ၍ များများမရ၊ ရပြန်ပါကလည်း အသုံးအဖြုန်းကြီး၍ ကြေးငွေအဖတ်မတင်သဖြင့် ဆင်းဆင်းရဲရဲနေရ၏။

mgyoe.com

ဦးတတ်သည် မနာလိုတတ်သူပီပီ ကောင်းကောင်းမွန်မွန်နေရသော ဖိနပ်ချုပ်သမား ဦးမြတ်ကို မနာလိုဝန်တိုစိတ်တွေဖြစ်ပေါ်နေလေသည်။

သူတို့နေသော ရွာကလေး၏ အပြင်ဘက်ကွင်းကြီး၏အဆုံး၊ တောစပ်ကလေးတွင် နတ်ရုပ်ကြီး တစ်ရုပ်ရှိ၏။ ထိုနတ်ရုပ်ကြီးသည် အဘိုးများ၊ အဘွားများ မမွေးဖွားမီ ရှေးသရောအခါကပင် တည်ရှိနေရာ ထိုနတ်ရုပ်ကြီးသည် မည်သို့မည်ပုံ ထိုနေရာကို ရောက်နေသည်ကို မည်သူမျှ မသိကြပေ။

ထိုနတ်ရုပ်ကြီးက စေခိုင်းချက်ကို လိုက်နာပြုလုပ်လျှင် နတ်ရုပ်ကြီးက သဘောကျပါမူ တစ်စုံတစ်ခု အကြီးကြီးပေးမည်။ သဘောမကျပါလျှင် တစ်စုံတစ်ခုသေးသေး ကလေးပေးမည်။ ဤကဲ့သို့ မိဘဘိုးဘွားများ လက်ထက်က စ၍တစ်ဆင့်စကားပြောကြားခဲ့၏။

မနာလိုတတ်သူ အပ်ချုပ်သမားဦးတတ်သည် တစ်နေ့သ၌ နတ်ရုပ်ကြီးနားသို့ လမ်းလျှောက်ရင်း ရောက်သွားလေသည်။ ထိုအခါ နတ်ရုပ်ကြီးက စကားပြောလိုက်၏။

"အမောင် . . လုလင် . . ငါသည် တစ်ယောက်တည်းနေရသဖြင့် ပျင်းရိလှသည်၊ ငါ့အား ရယ်စရာပုံပြင်တစ်ပုဒ်ကို ပြောပြပါ"

နတ်ရုပ်ကြီးက တောင်းပန်သဖြင့် ဦးတတ်က ပုံပြင်တစ်ခုကို ပြောပြလေသည်။

"ရှေးရှေးတုန်းက လူကြီးမိဘစကားကို နားထောင်လေ့ရှိတဲ့ လူငယ်တစ်ယောက်ဟာ တောလမ်းခရီးတစ်ခုကို ဖြတ်သွားတယ်၊

mgyoe.com

သူ့မှာ ခရီးသွားစဉ် စားဖို့စားစရာနဲ့ ရေဗူးပါသွားတယ်။ တောထဲ တစ်နေရာကိုရောက်တော့ လဲနေတဲ့ လူမမာကြီး တစ်ယောက်ကို တွေ့တော့ လူမမာကြီးက ရေတောင်းတာနဲ့ သူ့မှာပါလာတဲ့ ရေကို နည်းနည်းမျှတိုက်တယ် . . ဒီတော့လူမမာကြီးက ကျေးဇူးတင်တာ နဲ့ ပုလင်းကလေးတစ်ခုပေးတယ်။ ပုလင်းထဲမှာ ကြမ်းပိုးအကောင် ၅၀လောက်ပါတယ်လေ၊ ဒီတော့ လူငယ်က ဘိုးဘိုး ဒါကို ဘာလုပ် ရမလဲလို့ မေးတော့ ယူသာသွားပါ။ တစ်နေ့ အသုံးဝင်ပါလိမ့်မယ် လို့ ပြောတော့ သူလည်း ယူလာခဲ့ရတယ်။

"နောက် တစ်နေရာရောက်ပြန်တော့ ဒုတိယလူမမာကြီးတစ် ယောက်ကို တွေ့ရပြန်ရော . . ဒီလိုပဲ ရေနည်းနည်းမျှတိုက်လိုက် တော့ နှာပုလင်းကလေးတစ်ခု ပေးလိုက်ပြန်ရော၊ တစ်ခါ ခရီး ဆက်ထွက်လာလိုက်တာ တတိယ လူမမာကြီးတစ်ယောက်တွေ့ ပြန်တယ်။ အဲဒီ လူမမာကြီးကိုလည်းပါလာတဲ့ ရေကလေးတိုက် လိုက်တာ ရေလဲကုန်ပါရော၊ လူမမာကြီးက သူ့ကို ပဲကြီးလှော်တစ် ထုပ်ပေးလိုက်တယ်။

"လူငယ်ဟာလည်း ရေမသောက်ရလို့ ရေငတ်ငတ်နဲ့ ဆက် ထွက်လာခဲ့တာ တိုင်းပြည်ကြီးတစ်ပြည်ရောက်လာပါရော၊ အဲဒီ တိုင်းပြည်မှာ ရေဝင်သောက်ရင်းနဲ့ ရှင်ဘုရင်ကြီးမှာ စိတ်ညစ်စရာ တွေ တွေ့ကြုံနေရတယ်လို့ ကြားရတယ် . . ဒီတော့ လူငယ်ဟာ လည်း ရှင်ဘုရင်ကြီးကို ဝင်တွေ့ပြီး စိတ်ညစ်စရာတွေ သိပါရစေ၊ ကူညီနိုင်ရင် ကူညီပါ့မယ်လို့ တင်လျှောက်တယ်. ."

"ဒီတော့ ရှင်ဘုရင်ကြီးက ကျုပ်မှာ ရောဂါတစ်ခုရှိတယ် . . အိပ်ပျော်မိရင် နှစ်ရက်ကြာမှ နိုးတယ်၊ နိုးပြီး အဲဒီတစ်နေ့နေ့

mgyoe.com

ညကျပြန်အိပ်ရင် နောက်နှစ်ရက်ကြာတယ်၊ နိုးရင်လည်း စိတ်ဆိုးတတ်တယ်။ ဒီရောဂါကို ကုပေးပါလို့ ပြောတော့ လူငယ်က- မပူပါနဲ့ဆိုပြီး စောင့်နေတယ် . . နောက်နေ့မနက်ကျတော့ ရှင်ဘုရင်ကြီး အိပ်ရာထဲကို ကြမ်းပိုးတွေချပေးလိုက်တာပေ့ါ . . ဒီတော့ ရှင်ဘုရင်ကြီးဟာ ဟိုက ယားလိုက်၊ ဒီက ယားလိုက်နဲ့ ကုတ်ရ၊ ဖဲ့ရတာနဲ့ နိုးလာရော၊ ရှင်ဘုရင်ကြီးက ဝမ်းသာတာနဲ့ ကြမ်းပိုးလေးတွေကို ပြန်ဖမ်းယူပြီး မိဖုရားကြီးကို အပ်ထားလိုက်တယ်"

"နောက် . . စိတ်ညစ်စရာတစ်ခုက ဘာလဲဆိုတော့ ရှင်ဘုရင်ကြီးဆီကို ဘီလူးကြီးတစ်ကောင်ဟာ လူယောင်ဖန်ဆင်းပြီး လာတယ် . . လာရင် ကြွေအံကစားတယ် . . ဒါပေမဲ့အပြန်မှာ ရှင်ဘုရင်ကြီးဆီက အဖိုးတန်ကျောက်မျက်ရတနာတစ်ခုခုကို ယူယူသွားတယ်။ သူ့ကိုယ်မှာ ရှာလို့လည်း ပစ္စည်းကိုမတွေ့၊ လက်ပူးလက်ကြပ်မမိတော့ ခက်နေတယ်၊ ရှင်ဘုရင်ကြီးဟာ ဒီဘီလူးကြီးကို မလာစေချင်တော့ဘူး . . ဒါကို စိတ်ညစ်နေတယ်"

ဒီတော့ လူငယ်က ဒါလည်းမပူပါနဲ့လို့ ပြောပြီးစောင့်နေတယ်. . ဘီလူးကြီးလာပြီး ကစားတယ်၊ ကစားပြီးလို့ ပြန်တော့မယ်လည်းလုပ်ရော လူငယ်က ဒါလေး ရှုကြည့်စမ်းပါလို့ဆိုပြီး နှာပုလင်းလေးကိုပြတယ်။ ဘီလူးကြီးက ဘာပါလိမ့်ဆိုပြီး ရှုကြည့်လိုက်တော့ ဟပ်ချိုးဆိုပြီး အားရပါးရချေလိုက်တာ . . ပါးစပ်ထဲက ပတ္တမြားတစ်လုံးထွက်ကျလာတယ် ဒီတော့ ဘီလူးကြီးဟာ သူခိုးယူကြောင်းမငြင်းသာဘဲ ထွက်ပြေးသွားတယ်၊ ထွက်ပြေးသွားရင်းလည်း တစ်လမ်းလုံး ဟပ်ချိုး ဟပ်ချိုးနဲ့ တစ်ချေထဲ ချေသွားတယ်လေ။

"နောက်တော့ လူငယ်က နောက်ထပ်စိတ်ညစ်စရာ ဘာကျန်

mgyee.com

gyoe.com


သေးသလဲဆိုတော့ ရှင်ဘုရင်ကြီးက မရှိတော့ပါဘူး။ တစ်ခုပဲ ကျန်ပါတော့တယ်။ အဲဒါကတော့ အမတ်ကြီးတစ်ပါးဟာ လျှာရှည်လွန်းလို့ သူနဲ့စကားပြောရတာစိတ်ညစ်တယ်လို့ ပြောတယ်၊ ဒီတော့ လူငယ်က ပဲကြီးလှော်ထုပ်ပေးပြီး နောက်နေ့ညီလာခံစ,စချင်း အမတ်ကြီးကို ဒါကို ကျွေးထားပါလို့ ပြောတယ်"

"နောက်တစ်နေ့ ညီလာခံလည်းကျရော . . ရှင်ဘုရင်ကြီးက အမတ်ကြီးကို ပဲကြီးလှော်တွေ ကျွေးတာပေါ့၊ အမတ်ကြီးလဲအားရပါးရ စားပြီး ကုန်မှ ရှင်ဘုရင်က တိုင်းရေးပြည်ရေး ဆွေးနွေးတာကိုး၊ အမတ်ကြီးလျှာရှည်ရှည်နဲ့ စကားများများပြောမယ်လည်းကြံရော လေက တဖွတ်ဖွတ်နဲ့လယ်တာပေါ့၊ ပါးစပ်က တစ်ခွန်းပြောရုံရှိသေး လေက ဆယ်ချီလောက် ဖွတ်ခနဲ ရှုးခနဲလယ်တော့ အမတ်ကြီးလည်း ရှက်တာနဲ့ထွက်ပြေးသွားတော့တယ်၊ နောက်ကိုသူလည်း စကားမရှည်တော့ဘူး။ ရှင်ဘုရင်ဟာ အားရဝမ်းသာလွန်းလို့ သူငယ်ကို အိမ်ရှေ့မင်းသား အရာအပ်နှင်းလိုက်တယ်တဲ့"

ဦးတတ်၏ ပုံပြင်ကို ကြားရသောအခါ နတ်ရုပ်ကြီးသည် မျက်ရည်များပင်ထွက်လာအောင် ရယ်လေတော့သည်။ ထို့နောက် သဘောကျလွန်းသဖြင့် အရပ်ပေနှစ်ဆယ်မြင့်သော လူတစ်ယောက်ကို ဦးတတ်နှင့် တစ်ပတ်တီတီလိုက်နေရန် ထည့်လိုက်လေ၏။

ရွာသို့ ပြန်ရောက်သောအခါ . . . ဦးတတ်သည် ရွာမှ လူကြီးတစ်ဦးကို ခေါ်၍ ဦးမြတ်ထံသို့ သွားလေသည်။

ဦးမြတ်ကို"ဖိနပ်တစ်ရံချုပ်လျှင် ဘယ်လောက်ပေးရမလဲ"ဟုမေးရာ ဦးမြတ်က ရိုးရိုးမှတ်သဖြင့် "ငါးကျပ်ပေးရမည်"ဟုပြော၏။ ထိုအခါ ဦးတတ်သည် လူမြင့်ကြီးကို ပြန်ခေါ်၍ ခြေထောက်ကို

mgyoe.com

mgyoe.com


တိုင်းခိုင်း၏။

ဦးမြှတ်မှာ စကားလွန်ထားပြီဖြစ်၍ တစ်တောင်လောက်ရှိသော ဖိနပ်ကြီးတစ်ရံကို ငွေငါးကျပ်မျှနှင့် ချုပ်ပေးရလေတော့သည်။

ဦးမြှတ်ကို နှိပ်စက်ရသည်ဖြစ်သောကြောင့် ဦးတတ်သည် အလွန်ဝမ်းသာနေ၏။ ဝမ်းသာလွန်းသဖြင့် တရှိရှိနှင့်လေချွန်လေရာ "မလုပ်နဲ့ဗျ .. မြွေတွေလာလိမ့်မယ်"ဟုဆိုကာ မြွေကြောက်တတ်သော လူမြင့်ကြီးက နားရင်းကို ပိတ်ချလိုက်မှ ဦးတတ်မှာ ကုပ်သွားလေတော့သည်။

တစ်နေ့တွင် ဦးမြှတ်သည်လည်း လမ်းလျှောက်ရင်းနှင့် နတ်ရုပ်ကြီးနားသို့ ရောက်သွားပြန်လေ၏။ ထိုအခါ နတ်ရုပ်ကြီးက စကားပြောလိုက်ပြန်လေသည်။

"အမောင် လုလင် .. ယခင်က လုလင်တစ်ယောက်က ပုံပြောသွား၍ ငါရယ်လိုက်ရသည်မှာ ငါ့ပါးစပ်ကြီးသည် ယနေ့တိုင် ပြဲနေသည် နဂိုအနေအတိုင်းကို ပြန်ရောက်ချင်သည်။ ဒါကြောင့် အမောင်လုလင်က ငါ့ကိုဝမ်းနည်းအောင်လုပ်ပေးပါ၊ ဝမ်းနည်း၍ မဲ့လိုက်မှ ရယ်ထားသော ငါ့ပါးစပ်သည် နဂိုအတိုင်းပြန်ဖြစ်ပါလိမ့်မည်၊ လွမ်းစရာကောင်းသော သီချင်းတစ်ပုဒ်ကို. . ဆိုပြပါ. . ."

နတ်ရုပ်ကြီးက ဤသို့ တိုက်တွန်းသောအခါ ဦးမြှတ်မှာ စိတ်ရှုပ်သွားတော့သည်။ သူသည် သီချင်းများများမရ၊ သို့သော် နတ်ရုပ်ကြီး စိတ်ဆိုးသွားမည်ကို ကြောက်သဖြင့်. . သီချင်းဆိုရန် ကြိုးစားရတော့၏။ ကံဆိုးချင်လာသဖြင့် သီချင်းကိုစ၍ ဆိုလိုက်ပါမှ ကြို့ထိုးလာလေသည်။

mgyoe.com

"စိမ်းလဲ့ရယ်တဲ့မှ ညိုမှောင်. . . အော့၊ ပင်ဝါးရုံ-အော့. . လေယူလို့ တိမ်းတယ်ကွယ်. . အော့-အော့. . . ယိမ်း. . အော့-ယိမ်း. . အော့-ယိမ်း နွဲ့-အော့. . မြောက် အော့-တောင် အော့၊ မြူခိုးရယ်မှောင်-အော့. . .၊ ဟိုတောင်ကြော့- အော့. . . ခါးပန်း အော့-အော့. . အော့-အော့. . ."

သူ့သီချင်းဆိုရာတွင်ပင် ကြို့ထိုး၍ အော့-အော့နှင့် ဖြစ်ရုံမက သူ၏ကိုယ်ခန္ဓာမှာလည်း ကြို့ထိုးတိုင်း ဆတ်ခနဲ,ဆတ်ခနဲ တွန့်တွန့်တက်လေရာ နတ်ရုပ်ကြီးသည် ဝမ်းမနည်းသည့်ပြင်. . အားရပါးရပင် ထပ်၍ ရယ်လေတော့၏။ ရယ်သောကြောင့်လည်း. . . နဂိုက ပြဲနေသော သူ့ပါးစပ်ကြီးသည် ပို၍,ပို၍ပြဲသွားလေတော့သည်။

"ဟော့- လုလင်. . တော်တော့၊ တော်တော့. . . ငါသေတော့မယ်"

နတ်ရုပ်ကြီးက အတင်းတောင်းပန်ပြီး သီချင်းဆိုခြင်းကို ရပ်ခိုင်းလိုက်လေ၏။ ထို့နောက် သဘောမကျသဖြင့် လက်မလောက်ရှိသည့် လူပုကလေးကို တစ်ပတ်နေရန် ထည့်ပေးလိုက်လေသည်။

ရွာသို့ ရောက်သောအခါ ဦးမြတ်သည် ရွာမှ လူကြီးကို ခေါ်ကာ ဦးတတ်ဆီသို့သွား၏။ အင်္ကျီတစ်ထည်ချုပ်လျှင် ဘယ်လောက်ယူမည်လဲကိုမေးရာ ဦးတတ်က ပို၍ ငွေငါးရာဟု ပြောလိုက်၏. . .၊ မချုပ်နိုင်လျှင် ငွေတစ်ထောင်လျော်မည်ဟုလည်း ဆို၏။

ဦးမြတ်သည် လူပုလေးကို ပြန်ခေါ်လာခဲ့လေရာ ဦးတတ်မှာ ဒုက္ခရောက်လေတော့သည်။ အပ်အသေးဆုံးကလေးနှင့် ချုပ်သည့်တိုင်အောင် ချုပ်ရိုးမှာကြီးနေ၏။ အင်္ကျီကိုဝတ်ရန် လက်သွင်းသော

mgyoe.com

အခါ သွင်း၍ပင် မရချေ။

နောက်ဆုံးတွင် မည်သို့မျှ မချုပ်နိုင်သဖြင့် ရွာလူကြီးရှေ့တွင် ကတိထားခဲ့သည့်အတိုင်း ငွေတစ်ထောင် လျော်လိုက်ရတော့သည်။

ဦးတတ်သည် . . . ဦးမြတ်ကို မကောင်းကြံရာတွင် ရှုံးသဖြင့် စိတ်တိုပြီး "ကုလားမနိုင် ရခိုင်မဲ"ဟူသကဲ့သို့ ဘာမဆိုင် ညာမဆိုင် အိပ်ပျော်နေသော လူမြင့်ကြီးကို "နင်လည်း ဆန်ကုန်မြေလေးပဲ. . ဘာအသုံးကျသလဲ. . ." ဟု ဆိုကာ ဖနောင့်နှင့်အတင်းပေါက်လေ ရာ လူမြင့်ကြီးသည် . . ဒေါသထွက်၍ နိုးလာ၏။ အိပ်ရာမှ ထကာ ဦးတတ်ကို ဒူးနှင့်ဆင့်၍ ဆင့်၍တိုက်ရာ ဦးတတ်မှာ သေရလေ သည်။ လူမြင့်ကြီးလည်း နတ်ရုပ်ကြီးဆီသို့ ပြန်သွားလေတော့၏။


ဦးမြတ်ကား လူပုလေးကို စေတနာကောင်းစွာနှင့် မွေးကျွေး သုတ်သင်၍ လူပုလေးသည်များစွာ ပျော်ရွှင်၏။ တစ်ပတ်အချိန် ကာလစေ့ရောက်သောအခါ . . လူပုကလေးလည်း နတ်ရုပ်ကြီးဆီ သို့ ပြန်လေတော့သည်။ နတ်ရုပ်ကြီးကို အကျိုးအကြောင်းပြန်ပြော ပြသောအခါ နတ်ရုပ်ကြီးက-

"ဩော် . . ငါကား သူတော်ကောင်းကို မကောင်းထင်မိသည် တကား" ဟု ဝမ်းနည်းသွားသဖြင့် မျက်နှာကြီးရှုံ့မဲ့လိုက်ရာ စော စောက ပါးစပ်ကြီးပြနေသော မျက်နှာမှာ နဂိုအတိုင်း ပြန်ဖြစ်သွား လေတော့သတည်း။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဦးသဝန်ကြောင်နှင့် ကလေးများ

ဦးသဝန်ကြောင်၏ နှစ်ထပ်တိုက်ကြီးသည် ခန့်ညားလှပါသည်။

သူ့တိုက်ကြီး ခန့်ညားသည်နှင့် အမျှပင် ခြံဝင်းကြီးမှာလည်း ကျယ်ဝန်းလှသည်။ သီးပင် ပန်းပင်များကလည်း. . စုံလင်လှ၏။ ခြံစည်းရိုးကို ကြခတ်ဝါးပင်များဖြင့် ကာရံထားလေသည်။

ဦးသဝန်ကြောင်သည် ရပ်ဝေးမှ သူ၏ညီထံ သွားရောက်၍ လည်ပတ်နေသောကြောင့် တိုက်ကြီးကို တံခါးပိတ်သော့ခတ်ထား သည်။

ကလေးများသည်. . ခြံတံခါးကို ဖွင့်ပြီးလျှင် ခြံထဲတွင် ဝင်ရောက်၍ ပျော်ရွှင်စွာ ကလေးနေကြလေသည်။

ရွက်နုကလေးများသည်. . စိမ်းဖန့်ဖန့် အရောင်အသွေးများကို ဆင်ကာကလေးများ ကစားနေကြသည်ကို ပြုံး၍ကြည့်ကြ၏။

သစ်ကိုင်းများပေါ်တွင်. . . ငှက်ကလေးများသည်. . သာယာသော နွေဦးတေးသီချင်းကို သီဆိုနေကြသည်။ ငှက်ကလေးများ၏ တေးဆိုသံကို ကြားသောအခါတွင်. . . ပန်းငုံကလေးများသည် ပျော်ရွှင်ကြည်နူးစွာ ပွင့်ကားလာကြပြီး ပန်းပွင့်ကလေးများ ဖြစ်

mgyoe.com

mgyoe.com

လာကြသည်။ သူတို့သည်လည်း. . ပျော်ရွှင်ကြသဖြင့် ငှက်ကလေး များကဲ့သို့ပင် တေးဆိုကြသည်။

"ပျော်တယ်. . . ပျော်တယ်. . တို့ပျော်တယ်"

ကိုတရုတ်စကားပွင့်သည် အသံသြကြီးနှင့် တေးသီချင်းကို ဆို လိုက်ရာ မစပယ်ကလေးသည် ရှက်သလိုနှင့် သစ်ရွက်များအကြား တွင် ပုန်းလျှိုးနေလိုက်လေသည်။

သစ္စာပန်းကလေးများသည် ပျော်ရွှင်ဖွယ် သီချင်းသံများ ကြောင့် လေထဲတွင် ယိမ်းကနေကြ၏။

ရွှေရောင်ကဲ့သို့ ဝါနေသော လိပ်ပြာကလေးသည် သူ၏ ချစ်သူ မစပယ်ကလေးကို ရှာဖွေ၍ မတွေ့သောကြောင့် ပျာယာခတ်နေ သည်။

"ရှိပါတယ်ကွ. . . ဟိုသစ်ရွက်ကလေးတွေ ကြားထဲမှာ"

ဦးဆင်လိပ်ပြာကြီးက ညွှန်ပြလိုက်မှ လိပ်ပြာဝါကလေးသည် မစပယ်ကလေးကို တွေ့သွားကာ စကားသွားပြောနေလေ၏။

ထိုအခိုက်တွင် မိုးချုန်းသံကဲ့သို့သော အသံကြီးတစ်ခုသည် ရုတ် တရက် ထွက်ပေါ်လာလေ၏။

"အောင်မယ်. . ခွေးကောင်ကလေးတွေ၊ လူဝါးဝလို့ ငါ့ခြံထဲ မှာ လာကစားကြရသလား။ ထွက်သွားကြ. . သေကုန်ချင်သ လား"

ဦးသဝန်ကြောင်သည် ခရီးထွက်ရာမှ ပြန်ရောက်လာလေပြီ။

သူက အော်ဟစ်မောင်းထုတ်လိုက်သဖြင့် ကလေးများသည် ကြောက်ရွံ့ထိတ်လန့်စွာ ထွက်ပြေးကုန်ကြလေ၏။ ဦးသဝန်ကြောင် သည်တုတ်တစ်ချောင်းနှင့်လိုက်ရာ ကလေးငယ်ဖိုးချောသည်

mgyoe.com

ခလုတ်တိုက်၍ လဲလေတော့သည်။

ဦးသဝန်ကြောင်သည် ကလေးငယ်ကို တစ်ချက်နှစ်ချက် ရိုက်လိုက်သဖြင့် ဖိုးချောကလေးသည် သူ့ဘာသာ သူထ၍ပြေးရင်း ငိုယိုသွားရလေသည်။

နောက်တစ်နေ့တွင် ဦးသဝန်ကြောင်သည် ခြံဝတွင် အောက်ပါအတိုင်း စာရေး၍ကပ်ထားလေသည်။

**ခြံထဲကိုမဝင်ရ။ ဝင်လျှင် တရားစွဲဆိုခြင်းခံရမည်။**

**ဦးသဝန်ကြောင်**

သို့ဖြစ်သောကြောင့် မည်သည့်ကလေးမျှ ခြံထဲသို့မဝင်ဝံ့ကြတော့ချေ။ ကလေးများနှင့်ကင်းဝေးနေသောကြောင့် ခြံကြီးသည် တိတ်ဆိတ်သွားသည်။

ငှက်ကလေးများလည်း တေးမဆိုကြတော့။ ငှက်ကလေးများ၏ တေးသံကို မကြားရသဖြင့် ပန်းများလည်း မပွင့်ကြတော့။ ပန်းများ မပွင့်ကြတော့သဖြင့် လှပသောရောင်စုံ ပန်းလိပ်ပြာကလေးများလည်း မလာရောက်ကြတော့။

ခြံကြီးသည် သွေ့ခြောက်တိတ်ဆိတ်နေသည်။

ကလေးများသည် ခြံကြီးထဲဝင်၍ မကစားရတော့သဖြင့် ကစားစရာနေရာမရှိတော့။

သူတို့မကစားချင်ကြသော လမ်းပေါ်တွင် ကစားကြရသည်။ လမ်းပေါ်မှာကား ကျောက်ခဲထူထပ်သည်။ ချော်လဲလျှင် ဒဏ်ရာအနာတရဖြစ်ကြရသည်။ လမ်းသွားလမ်းလာများကို ရှောင်ကြရသည်။ လမ်းပေါ်တွင် သွားလာနေကြသော လှည်းများ၊ ရထားများကိုလည်း ရှောင်တိမ်းကြရသည်။ လမ်းပေါ်တွင် ကစားရသည်မှာ

mgyoe.com

ဘေးအန္တရာယ်များလှ၏။

ကလေးများ မကစားချင်ကြပါ။

သူတို့သည် ခြံကြီးဆီသို့ မကြာခဏ လှည့်ကြည့်မိသည်။

ခြံကြီး၏ပတ်ပတ်လည်မှာ ကြခတ်ဝါးပင်များနှင့် ပိတ်ကာနေသည်။ ခိုးဝင်လျှင်ဆူးစူးကြမည်။ ခြံအဝင်ဝ တံခါးကြီးမှာ အစဉ်ပိတ်နေသည်။ တံခါးတွင် ချိတ်ထားသောစာက သူတို့ကို ကြောက်ရွံ့စေသည်။

ဦးသဝန်ကြောင်၏ ခြံကြီးသည် ကျယ်ဝန်း၏။ ဘယ်သူမှလည်း ကစားမနေကြ။ သူတို့လည်း ဝင်ကစား၍ မရပါ။

ဤသို့ဖြင့် မိုးတွင်းရောက်လာ၍ မိုးတို့သည် သည်းထန်စွာ ရွာချလေသည်။ ကလေးများသည် ဖျားနာကြမည်စိုး၍ အပြင်သို့ များစွာ မထွက်ကြတော့။ အိမ်ထဲတွင်ပင် နေ-နေကြလေသည်။

တစ်နှစ်လုံးတွင် နွေ၊ မိုး၊ ဆောင်းဟူသော ရာသီသုံးခုမှာ တလှည့်စီလာကြရသည်ဖြစ်၏။ တစ်နှစ်လုံး မိုးတွင်းကြီး ဖြစ်မနေပါ။

မကြာမီပင် မိုးရာသီကုန်ဆုံးသွားလေပြီ။

ပတ်ဝန်းကျင် အားလုံးတွင် ဆောင်းဦးရာသီ ရောက်ပြီဖြစ်သောကြောင့် သစ်ပင်ပန်းပင်တို့မှာ စိုစိုပြေပြေနှင့် ဖြစ်လာကြ၏။

သို့သော်. . . ။

ဦးသဝန်ကြောင်၏ ခြံကြီးထဲတွင်ကား မိုးသည်ဆက်လက်၍ ရွာချနေ၏။ သူ၏ ခြံထဲတွင် မိုးရာသီရှိမြဲရှိနေသည်။ ကြီးမားသော မိုးရေ မိုးပေါက်တို့သည် ပြင်းထန်စွာ ရွာနေ၏။

ဦးသဝန်ကြောင်သည် ပိတ်ထားသော မှန်ပြတင်းပေါက်မှ နေ

mgyoe.com

mgyoe.com

၍သာ အပြင်ဘက်သို့ ငေးမျှော်ကြည့်ရသည်။ မိုးများသည်းထန်စွာ ရွာနေသဖြင့် သူသည်အပြင်သို့ ထွက်၍မရချေ။

"အို. . . တခြားမှာ မိုးတွင်း ကုန်သွားပါပြီ။ ဘယ့်နှယ်. . . ငါ့ခြံတစ်ခုထဲမှာ မိုးရာသီရှိနေသေးသလဲ မသိဘူး. . ."

ဦးသဝန်ကြောင်မှာ စိတ်ပျက်စွာနှင့် ညည်းညူမိသည်။

ငှက်ကလေးများ တေးမဆို၍ ပန်းများမပွင့်ကြ၊ ပန်းများ မပွင့်ကြ၍ ပန်းလိပ်ပြာကလေးများ မလာကြ။ ပန်းလိပ်ပြာကလေးများ မလာကြ၍ မိုးရာသီမသွားခြင်း ဖြစ်ကြောင်းကို ဦးသဝန်ကြောင် မသိပါ။ သူသည် သဝန်ကြောင်ဖို့ကလွဲ၍ ဘာမျှသိသူ မဟုတ်ပါ။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ပြင်းထန်သော တံခါးခေါက်သံ ထွက်ပေါ်လာသဖြင့်၊ ဦးသဝန်ကြောင်သည် ထ,သွား၍ အိမ်ရှေ့တံခါးကို ဖွင့်ကြည့်လိုက်သည်။

ဗလကောင်းကောင်း အရပ်မြင့်မြင့်၊ နှုတ်ခမ်းမွေးကြီးနှင့် လူကြီးတစ်ယောက်ကို တွေ့ရသည်။ ထိုလူကြီးသည် ညိုမှောင်မှောင် အရောင်ရှိ မီးခိုးများနှင့် တူသော အဝတ်ကိုဝတ်ထား၏။ သူ၏ ကိုယ်မှ ရေများသည် အဆက်မပြတ် စီးဆင်းနေရာ သူရပ်နေသော နေရာမှာပင် ရေတွေ အိုင်နေသည်။

"ခင်ဗျား ဘယ်သူလဲ"

ဦးသဝန်ကြောင်က ခပ်ကြောက်ကြောက်နှင့် မေးလိုက်၏။

"ကျုပ်. . . မိုးနတ်"

"ဗျာ. . ခင်ဗျားက ဘယ်သူ"

"မိုးနတ်"

"မိုးနတ်. . မိုးနတ်ဆိုတော့ မတ်နိုး။ သိပြီ သိပြီ. . . လက်စ

သတ်တော့ ခင်ဗျားဟာ မနိုးရဲ့ယောကျ်ားကိုး. . ."

ဦးမိုးနတ်၏ နှုတ်ခမ်းမွေးသည် ဒေါသကြောင့် အစများထောင်သွားကြသည်။

"ဘယ်က မနိုးရဲ့. . ယောကျ်ား ဟုတ်ရမှာလဲ 'မိုးနတ်ကွ' ကျုပ်ကို တချို့က ဖိုးပဋ္ဌာန်လို့လဲ ခေါ်ကြတယ်"

"ပစ်စုံ. . . ပစ်စုံ. . . ဟုတ်လား။ ဟာ. . ရှိတာတွေပစ်လိုက်မှ ဘယ်မှာ စုံတော့မှာလဲဗျာ"

စိတ်ဆိုးသဖြင့် ဦးမိုးနတ်၏မျက်နှာမှာ အရောင်တွေ တဝင်းဝင်းလက်သွားသည်။ သူ၏ အသံမှာ မိုးချုန်းသံကဲ့သို့ ထွက်လာ၏။

"တယ်. . စကားရှည်တယ် ဖယ်စမ်း"

ဦးမိုးနတ်သည် ဦးသဝန်ကြောင်ကိုလက်ဖြင့်ရိုက်၍ ဖယ်ခိုင်းလိုက်၏ သူ၏လက်မှာ အလွန်အေးသည်။ ဦးသဝန်ကြောင်သည် ကလေးများပေါ်တွင်သာ အနိုင်ယူဝံ့၏။ ဤလူကြီးကိုတော့ ကြောက်သည်။ အမှန်မှာ ကလေးများကို အနိုင်ကျင့်သူများသည် လူကြောက်များသာ ဖြစ်ကြ၏။

ဦးသဝန်ကြောင်က လမ်းဖယ်ပေးလိုက်သောအခါ ဦးမိုးနတ်သည်အထဲသို့ ဝင်ပြီးထိုင်လိုက်၏။ သူသွားရာ လမ်းတစ်လျှောက်တွင် ရေများတစက်စက် ကျသွားသည်။

"အိပ်ရာက ဘယ်မှာလဲ"

"အပေါ်ထပ်မှာပါ ခင်ဗျာ"

"ဦးမိုးနတ်သည် ထ၍ အပေါ်ထပ်သို့တက်သွားကာ အိပ်ရာပေါ်တွင် တက်အိပ်လိုက်သည်။ သူ၏ ကိုယ်မှရေများ အစဉ်မပြတ်စီးကျနေလေရာ. . . မွေ့ရာတွေစောင်တွေ အားလုံးစိုရွှဲကုန်၏။

mgyoe.com

ရေများမှာ ကြမ်းပြင်မှ စိမ့်၍အောက်ထပ်သို့ပင် ကျလာကြသည်။ အောက်ထပ်က ဦးသဝန်ကြောင်သည် အပေါ်ထပ်သို့ ပြေးတက်သွားလေ၏။

"ခင်ဗျား. . . ဘာဖြစ်လို့ ရှုရှုတွေ ပေါက်ချရတာလဲဗျ"

"အောင်မယ်. . . ဘယ်က ရှုရှုတွေရမှာလဲ။ ရေတွေကွ. . ။ မင်းတော်တော် လျှာရှည်တယ်။ ကျုပ်ဆာတယ်။ ဆန်ပြုတ် သောက်ချင်တယ် အခုသွားယူခဲ့"

"ဟုတ်- ဟုတ်- ဟုတ်- ဟုတ်"

"ဘာ တဟုတ်ဟုတ်နဲ့ဖြစ်နေတာလဲ။ မီးရထား မောင်းခိုင်းတာ မဟုတ်ဘူး။ ဆန်ပြုတ်ယူခဲ့ခိုင်းတာ"

"ဟုတ်. . . ဟုတ်ကဲ့"

ဦးသဝန်ကြောင်သည် ကြောက်ကြောက်နှင့် ပြန်ဆင်းလာခဲ့သည်။ သူသည် ဦးမိုးနတ်ကို မလွန်ဆန်ဝံ့သဖြင့် ဆန်ပြုတ်ယူရန် မီးဖိုချောင်ဘက်သို့ သွားမည်ပြု၏။ သို့သော်-

"ဒေါက်. . . ဒေါက်. . . ဒေါက်"

တံခါးခေါက်သံ ပေါ်ထွက်လာသဖြင့် တံခါးမကြီးကို ဖွင့်ရပြန်လေသည်။

သူ့ရှေ့တွင် ရပ်နေသူမှာ ပိန်ပိန်ပါးပါးဖြစ်၏။ အလွန်ပင်ပေါ့ပါးပုံရသည်။ ခါတ်ပူဖောင်းကို ကြိုးဖြင့်ဆွဲထားသလို၊ ကြွတတပျံတံတံနှင့် ဖြစ်ဖြစ်နေသဖြင့် တံခါးဘောင်ကိုပင် တစ်ချက်တစ်ချက် လှမ်းလှမ်းကိုင်ထားရ၏။

"ရှူရှူ. . ရှူရှူနဲ့ ခင်ဗျားက ဘာလူတုန်း"

"ကျုပ်က အနောက်တောင်လေပဲ"

mgyoe.com

mgyoe.com

"ဗျာ.. လေ.. ဟုတ်လား"

"ဟုတ်တယ်... လေ-လေ- အနောက်တောင်လေ"

"အခုဟာ လာလည်တာလား"

"ဝူး ..ဟုတ်တယ်"

"ဟာ .. လေလည်တာဆိုတာ အီးပေါက်တာလဲ"

"ဝူး .."

အနောက်တောင်လေသည် သူ့ဘေးနားက ပေါ့ပါးစွာဖြတ်၍ ဝင်သွားပြီးလျှင်အခန်းထဲတွင် ဟိုလျှောက်ပြေး ဒီလျှောက်ပြေးနှင့် လုပ်နေ၏။ တစ်ဖန်ကုလားထိုင်အောက်၊ စားပွဲအောက်များသို့ လျှိုးဝင်ပြေးလွှားလေရာ ကုလားထိုင်များ၊ စားပွဲများမှာ ကျွမ်းထိုး မှောက်ခုံဖြစ်ကုန်ကြလေတော့သည်။

ဦးသဝန်ကြောင်မှာ စိတ်တိုလာလေ၏။ ထို့ကြောင့် သူအော် ပြောလိုက်သည်။

"ဟေ့ .. လူလိုလို မျောက်လိုလိုအကောင် ကျုပ်အိမ်ထဲမှာ ဘာလာရှုပ်နေတာလဲ"

"ဝူး ... ကျုပ်အဖေကို ရှာတာဗျ"

"ခင်ဗျား အဖေက ဘယ်သူလဲ"

"မိုးနတ်"

"မြတ်စွာဘုရား"

"မြတ်စွာဘုရားမဟုတ်ဘူး၊ ကျုပ်အဖေက မိုးနတ်"

"ဟုတ်ပါတယ်လေ၊ မြတ်စွာဘုရားလို့ဆိုတာက ကျုပ်က ဘုရား တ,တာပါ၊ ခင်ဗျားအဖေအပေါ်မှာရှိတယ်"

"ဝူး .. ဝူး"

mgyoe.com

mgyo.com

အနောက်တောင်လေသည် လေချွန်၍ ပေါ့ပါးစွာပင် အ‌‌‌
ထပ်သို့ ပြေးသွားလေသည်။ အပေါ်ထပ်မှ မိုးချုန်းသံထွက်ပေါ်
ပြန်လေသည်။

"ဟေ့ ဆန်ပြုတ်နှစ်ခွက် မြန်မြန်ယူခဲ့ကွ"

"ဟုတ်ကဲ့ ယူခဲ့ပါ့မယ်"

ဦးသဝန်ကြောင်သည် မီးဖိုထဲသွားရန် ခြေလှမ်းပြင်လိုက်

"ဒေါက် .. ဒေါက် .. ဒေါက်"

တံခါးခေါက်သံကို ကြားရပြန်ပါပြီ။

တံခါးကို ဖွင့်လိုက်သောအခါ အရုပ်ဆိုးဆိုးနှင့် မျက်မှေ
ကုတ်နေသော လူတစ်ယောက်ကို တွေ့ရလေသည်။

"ခင်ဗျားကကော .. ဘယ်သူတုံး"

"မုန်တိုင်း"

"ဩော် .. မုန်တိုင်ပင် လာရှာသလား။ ရှိပါတယ်ခင်ဗျာ
ရဲ့အနောက်မြောက်ထောင့်က အပင်ဟာ မုန်တိုင်ပင်ပါပဲ"

"ဘာတွေလျှောက်ပြောနေတာလဲ။ ကျုပ်ကမုန်တိုင်း မုန်တို

"ဘာမုန်တိုင်းလဲ"

"လေမုန်တိုင်း"

ပြောပြောဆိုဆိုနှင့် ကိုမုန်တိုင်းသည် အတင်းတိုး၍ဝင်‌
တော့ရာ ဦးသဝန်ကြောင်၏ ပခုံးကိုတိုက်သွားလေ၏။ ဦးသ
ကြောင်သည် ချာလပတ်လည်ကာ ရွှေ့လျားသွားလေတော့၏

လည်လည် လည်လည်နှင့်ဖြစ်နေလေရာ၊ ဦးသဝန်ကြေ
သည် အပေါ်မှ တွဲလောင်းကျနေသော မီးအိမ်ကြီးကို ဆွဲခိုလိုက်
မီးအိမ်ကြီးရော၊ သူရော ချာလပတ်လည်နေသည်။ တစ်ဖတ်

mgyo.com

mgyoe.com

တစ်ပတ် အရှိန်ပြင်းစွာနှင့် လည်နေရာမှ ရပ်သွားပြီး၊ တစ်ဖန် နောက်ပြန်ပြန်၍ လည်ပြန်လေ၏။

"မူးလွန်းလို့ အန်ရပါတော့မယ်ဗျာ အန်ရပါတော့မယ်ဗျာ"

ဦးသဝန်ကြောင်သည် အော်ဟစ်ပြီး လက်လွှတ်ချလိုက်ရာ၊ ကြမ်းပေါ်တွင် လေးဘက်ထောက်ကျလေ၏။ အမူးမပြေသဖြင့် ဦးခေါင်းကို ဟိုခါဒီခါလုပ်လိုက်ရာ ရေများစိုရွှဲနေသော ခွေးကလေးနှင့် တူနေတော့သည်။

"ကျုပ်အစ်ကိုနဲ့ ကျုပ်တူ ဘယ်မှာလဲ"

ကိုမုန်တိုင်းက အသံသြကြီးနှင့်မေးသည်။

"မပြောတတ်ဘူး၊ အပေါ်ထပ်မှာတော့ ဦးမိုးနတ်ဆိုတာရှိတယ်။ ခင်ဗျားအစ်ကိုလားမသိဘူး။ ခင်ဗျားရဲ့တူကတော့ ခေါက်ဆွဲဆိုင်မှာရှိမှာပေါ့။ အဲဒီမှာ ခေါက်ဆွဲစားတဲ့ တူတွေအများကြီးတွေ့ခဲ့တာပဲ"

"တယ်လေ တော်တော်တုန်း ဝုန်း . . ဝုန်း"

ပြောပြောဆိုဆိုနှင့် ကိုမုန်တိုင်းသည် ခြေသံပြင်းစွာနှင့် အပေါ်ထပ်သို့ ပြေးတက်သွားလေ၏။

"ဟော့ . . ဆန်ပြုတ်သုံးပန်းကန်ယူခဲ့ကွ၊ ကြာလှချည်ကလား ငါဆင်းလာပြီး ရိုက်မိတော့မှာပဲ"

ဦးသဝန်ကြောင်သည် ကမန်းကတန်း မတ်တပ်ရပ်လိုက်ပြီးမှ မီးဖိုချောင်ဘက်ဆီသို့ ပြေးသွားရလေတော့သည်။ မကြာမီပင် ဦးသဝန်ကြောင်သည် အငွေ့တထောင်းထောင်းနှင့် ဆန်ပြုတ်သုံးပန်းကန်ကို ဗန်းကြီးတစ်ခုတွင်ထည့်၍ သယ်ဆောင်လာ၏။

သို့သော် အပေါ်ထပ်မှ ဦးမိုးနတ်သည် စိတ်မရှည်တော့သလို

mgyoe.com

mgyoe.com

နှင့် အော်ပြောလိုက်သည်။

"ဟော့ . . . ဆန်ပြုတ်ယူခဲ့ဆိုတာ ကြာလှချည်ကလား"

ဦးမိုးနတ်၏ အော်ဟစ်ဆူပူသံကို ကြားသောအခါ ဦးသဝန်ကြောင်သည် ပျာလောင်ခတ်သွားပြီး အပေါ်တက်သည့် လှေကားပေါ်သို့ ပြေးတက်လိုက်မိလေ၏။

ဦးမိုးနတ်၏ ကိုယ်မှ အစဉ်မပြတ်စီးဆင်းနေသော ရေများသည် အပေါ်ထပ်ကြမ်းပြင်မှတစ်ဆင့်လှေကားသို့ စီးဆင်းလာလေတော့ရာ လှေကားထစ်များမှာ ရေများဖြင့် ရွှန်းရွှန်းစိုရွှဲနေ၏။

သို့ဖြစ်သောကြောင့် ဦးသဝန်ကြောင်က ပြေးတက်သောအခါ၊ ပြောင်ချော်၍ လှေကားပေါ်မှ တဒုန်းဒုန်းနှင့် လိမ့်ကျလေသည်။ လက်ထဲဗန်းကြီးလည်း လွင့်စင်သွားသဖြင့် ဆန်ပြုတ်ပန်းကန်များမှာ လှေကားထစ်များပေါ်သို့ ကျ၍ 'ချလွင် ဂွမ် ဂွပ်'နှင့်မြည်ပြီး ကွဲရှကုန်လေတော့သည်။

"ဆာလှပါပြီဆိုမှ ဘယ်လိုတွေဖြစ်ကုန်ရတာလဲ"

အနောက်တောင်လေသည် ပြောပြောဆိုဆိုနှင့် ဦးသဝန်ကြောင်ကို ပြစ်တင်မောင်းမဲရန် ပျာယီပျာယာ ပြေးဆင်းလာလေရာ လှေကားထစ်များပေါ်တွင် ဖိတ်ကျနေသော ဆန်ပြုတ်ပူပူကြီးများကို နင်းလေတော့၏။

"ရှူး. . အလယ်လယ် ပူလိုက်တာ. . . ပူလိုက်တာဗျ"

အနောက်တောင်လေသည် ခြေဖဝါးများ ပူလောင်ကုန်သည်။ အော်ဟစ်ကာ ခြေတစ်ဖက်မြှောက် ခြေတစ်ဖက်ချနှင့် ခြေနှစ်ချောင်း၊ တစ်လှည့်စီ မြှောက်ချီချချီပြုလျက် ဟိုပြေး ဒီပြေး ခုန်ပေါက်ပြေးနေလေသည်။

mgyoe.com

mgyoe.com

ဦးသဝန်ကြောင်သည် လှေကားရင်းတွင် မတ်တပ်ရပ်နေရာ လျှောက်ပြေးနေသော အနောက်တောင်လေကို ကြည့်နေမိ၏။

အနောက်တောင်လေသည် ပူလွန်းသဖြင့် ဟိုပြေးဒီပြေး ပြေးနေရာမှ ဦးသဝန်ကြောင်၏ ခြေထောက်နှစ်ခုကြားထဲ ဝင်တိုးလေ၏။

"ဟဲ့. . . ပလုပ်တုတ်. . . ဗဒူး"

ဦးသဝန်ကြောင်သည် အယောင်ယောင် အမှားမှားနှင့် အော်ချင်ရာတွေ အော်မိပြီး လေဝင်၍ပူဖောင်းကြီးလို ဖောင်းကြွလာသော လုံချည်ကြီး ပတ်ပတ်လည်လှည့်၍ လက်နှင့် လျှောက်ဖိနေရ၏။

"ထွက်လဟာယ် ထွက်လဟာယ် ကျုပ်မိုးပေါ်ပျံသွားလိမ့်မယ်၊ ထွက်လဟာယ်"

ပြောပြောဆိုဆိုနှင့် ဦးသဝန်ကြောင်က လက်နှစ်ဖက်နှင့် အတင်းဖိတွန်းမှ အနောက်တောင်လေသည် လွတ်ထွက်ပြီး လျှောက်ပြေးနေပြန်လေ၏။

"ငါ့တူကို ဘယ့်နှယ်လုပ်လိုက်တာလဲကွ"

ကိုမုန်တိုင်း ဒေါသတကြီးနှင့် ဒုန်းဒိုင်းမြည်အောင် ခြေကို ဆောင့်၍ဆင်းလာလေ၏။ သူလည်း ဆန်ပြုတ်ပူပူများကို တက်နင်းမိလေတော့သည်။

"အဖရှူး. . . ရှူး ဒိုင်း. . ပူလှချည်လား ကရို"

ကိုမုန်တိုင်းသည် လှေကား တဝက်လောက်ဆီမှ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ခုန်ချလိုက်ပြီး ခြေတဖက်မြှောက်၊ လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ကာ ခုန်ဆွခုန်ဆွ ဖြစ်နေလေသည်။

mgyoe.com

ထိုနောက် ဒေါသကြီးစွာ ထွက်လာပြီး အိမ်ရှေ့တံခါးကို ခြေဖြင့် ဆောင့်ကန်ဖွင့်ကာ အတွင်းမှ ကုလားထိုင်များကို အပြင်သို့ ကန်ထုတ်နေလေ၏။

အပြင်ဘက် ဝင်းပေါက်ဝတွင် ကလေးများ စုပြုံရောက်လာကြပြီးလျှင် ကုလားထိုင်များ လွင့်စင်ထွက်နေသည်ကို ဝိုင်းကြည့်နေကြ၏။ ခြံထဲတွင်သာ မိုးသဲသဲရွာနေပြီး အပြင်ဘက်တွင် နေသာနေသဖြင့် ကလေးများ မိုးရေကင်းလွတ်ကြ၏။

ကလေးတို့သည် အလွန်စိတ်ဝင်စားနေကြသည်။ ထိုကြောင့် ခြံထဲက မိုးရေကိုပင် ဂရုမစိုက်နိုင်ကြတော့ပါ။

ကိုမုန်တိုင်းသည် ဒေါသတကြီးနှင့် မြင်မြင်ကရာ ပစ္စည်းများကို ကန်လို့ချည်း ထုတ်နေ၏။

ထိုအခိုက်တွင် အပေါ်ထပ်မှ ဦးမိုးနတ်၏အသံ ထွက်ပေါ်လာလေ၏။

"ဟော့. . . ပြေးကြတော့ဟေ့ ပြေးကြတော့"

ပြောပြောဆိုဆိုနှင့်ပင် ဦးမိုးနတ်ကိုယ်တိုင်ပင် ဒရောသောပါး ပြေးဆင်းလာလေ၏။ အောက်ထပ်တွင် နား၍မျှမနေတော့ဘဲ ပွင့်နေသော အိမ်ရှေ့ပေါက်မှ ရှုးရှုးရှဲရှဲ မြည်ကာထွက်ပြေးလေ၏။ သူ့နောက်ကကိုမုန်တိုင်းသည်လည်း ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် လိုက်၍ ပြေးထွက်သွား၏။ သူတို့နောက်မှ အနောက်တောင်လေသည်လည်း ဝူး. . . ဝူးနှင့် အော်၍ ပြေးသွားလေသည်။

ဦးသဝန်ကြောင်မှာ ဘာတွေဖြစ်ပျက်နေမှန်းကို မသိနိုင်လောက်အောင် ဖြစ်နေမိ၏။ သူ့ကို နှိပ်စက်ကြသော လူသုံးယောက်သည် ဘာကိုကြောက်၍ ထွက်ပြေးကြပါသနည်း။

mgyoe.com

mgyoe.com

သူသိချင် လှသဖြင့် အိမ်ထဲမှထွက်လာကာ ခြံထဲသို့ဆင်း၍ ကြည့်လိုက်မိသည်။

အထဲတွင် ဖြစ်ပျက်နေသည်များကို စိတ်ဝင်စားလွန်းလှသဖြင့် ကလေးများသည် မိုးရေကိုပင် ဂရုမစိုက်နိုင်ဘဲ ပိတ်ထားသော ဝင်းခြံတံခါးကို ကျော်၍ဝင်လာကြလေသည်။

ကလေးများဝင်ရောက်လာသောအခါ ပန်းတွေသည် ဝမ်းသာအားရစွာ ပွင့်လန်းကုန်ကြသည်။ ငှက်ကလေးများလည်း အားရရွှင်လန်းလွန်းသဖြင့် သာယာသော အသံကလေးများဖြင့် တေးသီချင်းများ သီဆိုကြသည်။

အနီ အဝါ အပြာ ရောင်မျိုးစုံနှင့် လှပသော ပန်းလိပ်ပြာကလေးများသည် စု၍ ပြုံ၍ ခြံဝင်းထဲသို့ ဝင်လာကြသည်။

ခြံဝင်းထဲတွင် မိုးရာသီကုန်ဆုံးသွားလေပြီ။

ထွန်းလင်းကြည်လင်သော နေရောင်ခြည်သည် ရွှက်နုစိမ်းစိမ်း ကလေးများပေါ်သို့ ကျရောက်လာ။

သာယာလှပေစွ။

ကလေးများသည် ဦးသဝန်ကြောင်ကို မြင်ကြသော် ထွက်ပြေးရန်လှည့်လိုက်ကြ၏။

"ဟော့. . မပြေးကြပါနဲ့ ကလေးတို့။ ဦးဦးရဲ့ခြံထဲမှာ ကြိုက်သလောက် ကစားကြပါ. . . ကစားကြပါ ဦးဦးက. . ဖိတ်ခေါ်ပါတယ်"

ဦးသဝန်ကြောင်သည် ပိတ်ထားသည် ခြံတံခါးကို ဆွဲဖွင့်လိုက်ပြီး ချိတ်ထားသော စာချပ်ကိုဖြုတ်၍ မြေမှာ ချနင်းလိုက်လေသည်။

mgyoe.com


ကလေးများကား ဝမ်းသာလွန်း၍ သီချင်းဆိုသူဆို၊ က,သူက လုပ်ကြလေရာ ဦးသဝန်ကြောင်သည် ပြုံးရွှင်စွာနှင့် လက်ခုပ်တီး ပေး၏။

ထိုနေ့မှစ၍ ကလေးများသည် သူ့ကို ဦးသဝန်ကြောင်ဟု မခေါ် ကြတော့ပါ။ "ဦးသဘောကောင်း" ဟု ခေါ်၍ ချစ်ခင်ကြလေ တော့သည်။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ဆရာခေါင်းကြီး

ရှေးသရောအခါ ဆေးကုသခြင်း အတတ်ပညာကို အလွန် တတ်မြောက်သော ဆရာကြီးတစ်ပါးရှိလေသည်။ ထိုဆရာကြီး၏ အထံတွင် အတိုင်းတိုင်း အပြည်ပြည်မှ မင်းညီမင်းသား၊ မှူးမတ်တို့၏ သားများပညာ လာသင်နေကြ၏။ ထိုနည်းတူစွာပင် ဆင်းရဲသူ ဆင်းရဲသားများ၏ သားများလည်း လာရောက်၍ ပညာသင်ကြ၏။

ဆရာကြီးသည် မျက်နှာလိုက်သူမဟုတ်။ သူဌေးသားကိုရော ဆင်းရဲသားကိုပါ ညီတူညီမျှ သဘောထား၍ ချစ်ခင်ကြင်နာစွာ ပညာကို သင်ကြားပေး၏။

သူ၏ တပည့်များတွင် ဦးခေါင်းအလွန်ကြီးသော တပည့်တစ်ယောက်ရှိ၏။ ထိုတပည့်၏ ဦးခေါင်းကား ဘယ်လောက်ကြီးသနည်းဆိုသော် ထမင်းစား ပန်းကန်လောက်ကြီး၏။ ထို့ကြောင့် . . သူ့ကို ခေါင်းကြီးဟု နာမည်ပေးထားသည်။

ခေါင်းကြီးသည် ဉာဏ်ထိုင်း၏။ သင်ကြားသမျှကို နားမလည် သည်ကများ၏။ သို့ရာတွင် သူသည် ကြိုးစားမှုဝိရိယရှိ၏။

mgyoe.com

mgyoe.com

ဆရာ့စကားကိုကောင်းစွာ နားထောင်၏။ ဆရာကို အလွန်ရိုသေသူဖြစ်၏။ ထို့ကြောင့် ဆရာကြီးသည် သူ့ကို အခြားတပည့်များထက် ပိုချစ်သည်။

တစ်နေ့သ၌ ဆရာကြီးသည် ခေါင်းကြီးကို အနားသို့ခေါ်၍ အောက်ပါအတိုင်း ပြောလေသည်။

"တပည့် ခေါင်းကြီး မင်းကို ငါလွန်စွာမှ ချစ်တယ်၊ ဒါပေမဲ့ မင်းဟာ ဒီလိုပဲနေ၍ ကြီးပွားမှာမဟုတ်ဘူး၊ ငါ့ဆီက ခွာသွားပြီး မင်းတတ်တဲ့ ပညာနဲ့ ဆေးကုစားပေရော့"

ခေါင်းကြီးသည် ဆရာ၏ စကားကို ကြားရသောအခါ စိတ်မကောင်းဖြစ်မိတော့၏။

"ဆရာကြီး . . ကျွန်တော် ဘာပညာမှ မတတ်သေးပါ၊ ဘယ်လို ဆေးကုသရပါမည်လဲ. . "

"မှန်တယ် တပည့်၊ ဒါပေမယ့် မင်းကို ဘယ်လိုမှသင်လို့လဲ ရတော့မှာ မဟုတ်ဘူး၊ ဒါပေမယ့် ငါ့တပည့်ဟာ ကြိုးစားမှုလဲရှိတယ်၊ ဆရာ့စကားကိုလဲ နားထောင်တယ် ဆရာ့ကိုလဲ ရိုသေတယ်၊ ဒီတော့ ထမင်းမငတ်ပါဘူး မင်းတစ်နေ့မှာ ကံကောင်းလာမှာပါ"

ဆရာကြီးသည် တပည့်ကိုပြောကြားပြီးလျှင် ဆေးဗူးတစ်ခုကို တုတ်ပေး၏။

"တပည့်ခေါင်းကြီး ဒီဆေးဟာ အလွန်အစွမ်းထက်တယ် ရောဂါမျိုးစုံကို ပျောက်ကင်းစေနိုင်တယ်၊ ရှူလို့ လိမ်းလို့လဲရတယ်၊ သောက်လို့လဲ ရတယ်၊ ဒါပေမယ့် အနံ့ကတော့ သိပ်ပြီး ဆိုးဆိုးဝါးဝါး နံတယ်၊ ဤဆေးကို မင်းယူသွားလော့. . . "

"ဆေးနာမည်က ဘယ်လိုခေါ်ပါသလဲ. . . "

mgyoe.com

"ဤဆေး. . ."

"မှန်ပါတယ်. . ဤဆေးကိုပဲ မေးပါတယ် ဆရာ. . ."

"ဟ ဆေးနာမည်ကိုက. . . ဤဆေး- ဤဆေး. . ."

"ဩော် သိပါပြီ ဆရာ၊ နံလွန်းလို့ ဒီဆေးကို အီးဆေးလို့ခေါ်တယ် မဟုတ်လား. . ."

"မဟုတ်ဘူး ဟ၊ ဤသာန နတ်မင်းကြီးက ပေးတဲ့ဆေးမို့ ဤဆေးလို့ခေါ်တာ ဘယ်ကအီးဆေးရမှာလဲ၊ ဤသာန နတ်မင်းကြီး ကြားလျှင် နံရော့မယ်. . . အဲလေ စိတ်ဆိုးရော့မယ်. . ."

ဆရာကြီးလည်း ခေါင်းကြီးကို ဤဆေးပေးလိုက်၏။ ခေါင်းကြီးလည်း ဆရာကို ကန်တော့၍ ထွက်လာခဲ့လေတော့သည်။

"ရွှင်လန်း နေပြည်" ဟု အမည်တွင်သော မြို့တော်ကြီးတစ်ခုတွင် မောင်ကောင်းနှင့်မောင်ဗလောင်းဟူ၍ ညီအစ်ကို နှစ်ယောက်ရှိကြ၏။ သူတို့သည် အိမ်ထောင်ကျသောအခါ တစ်ယောက်တစ်အိမ်စီ နေကြလေသည်။

တစ်နေ့သောအခါတွင် မောင်ကောင်းသည် တောလမ်းခရီးဖြတ်သွားရင်း သစ်ပင်တစ်ပင်အောက်တွင် အားပြတ်၍ လဲနေသော အဘိုးကြီးတစ်ယောက်ကို တွေ့ရလေ၏။

ထိုအခါ မောင်ကောင်းသည်ပါလာသော ထမင်းထုပ်ကို ဖြေ၍ မိမိမစားတော့ဘဲ အဘိုးကြီးကို ပွေ့ထူပြီး ခွံ့ပေးပြုစု၏။

စင်စစ်တွင် အဖိုးကြီးမှာ အနီးကဂူကြီးကို စောင့်သော ဂူစောင့်နတ်ကြီးဖြစ်လေသည်။ မောင်ကောင်း၏ စိတ်သဘောထားကို သိလိုသဖြင့် လူယောင်ဆောင်နေခြင်း ဖြစ်၏။

မောင်ကောင်းက ကိုယ်ကျိုးကိုစွန့်၍ ထမင်းကို ကုန်အောင်

mgyoe.com

mgyoe.com

ကျွေးမွေးသည်ကို မြင်သောအခါ လွန်စွာမှ ကျေနပ်သွားလေ၏။

"မောင်ရင် ဟောဟို ဂူကြီးထဲကိုဝင်ပါ၊ အထဲမှာ တံခါးတစ်ချပ်တွေ့လိမ့်မယ်။ ငယ်လာဒါ ငယ်လာဒါလို့ နှစ်ခွန်းအော်လိုက်ရင် တံခါးပွင့်သွားလိမ့်မယ်။ အထဲမှာ ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြား တွေ အပုံကြီးတွေ့လိမ့်မယ်။ အဲဒါ မင်း နိုင်သလောက် ယူသွား"

မောင်ကောင်းလည်း အဘိုးကြီးပြောသည့်အတိုင်း ဂူဆီသို့ သွား၏။ ဂူနားအရောက်တွင် အဘိုးကြီးက နောက်က အော်၍ မှာလိုက်သေးသည်။

"မောင်ရင် ကျောက်သံပတ္တမြားပုံကြီး အနောက်ဖက်က တံခါးဟာ စေ့ထားတယ်။ ဒါပေမဲ့ ယောင်လို့တောင်မှ ဖွင့်မကြည့်နဲ့နော် အန္တရာယ်ရှိတယ်"

မောင်ကောင်းသည် အဘိုးကြီးမှာကြားသမျှကို မှတ်သားကာ ဂူထဲသို့ဝင်လိုက်၏။ ထိုနောက် ပိတ်ထားသော ကျောက်တံခါးကြီး ရှေ့တွင် ရပ်လိုက်ကာ "ငယ်လာဒါ ငယ်လာဒါ. . . " ဟုအော်လိုက်၏။

ကျောက်တံခါးကြီးသည် အလိုလိုပင် ဖြေးညှင်းစွာ ပွင့်သွားလေတော့သည်။

မောင်ကောင်းသည် ပါလာသော လွယ်အိတ်ကလေးထဲသို့ ရွှေ ငွေ၊ ကျောက်သံပတ္တမြားများကို အပြည့်သယ်ယူလေ၏။ ထိုနောက် အနောက်ဖက်က စေ့ထားသော တံခါးကိုမြင်သည်။ သို့သော် အဘိုးကြီး၏စကားကို သတိရသဖြင့် ဖွင့်ကြည့်ရန် မကြိုးစားတော့ဘဲ ပြန်ကွေ့ထွက်လာခဲ့လေ၏။

သူ့အပြင်ရောက်သောအခါ အဘိုးကြီးမှာ မရှိတော့ပေ။

mgyoe.com

မောင်ကောင်းသည် အိမ်သို့ပြန်လာခဲ့ပြီး ရလာသော ရွှေ ငွေ ပစ္စည်းများကို ဖြုန်းတီးမပစ်ဘဲ စည်းကမ်းတကျ သုံးစွဲ၍ ချမ်းသာလာ၏။

သူချမ်းသာလာသည်ကို မြင်သောအခါ သူ့ညီမောင်ဗလောင်းက အကြောင်းရင်းကို လာ၍မေး၏။ မောင်ကောင်းသည် ညီငယ်ကို ချစ်သဖြင့် အဘိုးကြီးနှင့်တွေ့ပုံ၊ အဘိုးကြီး၏ ညွှန်ပြချက်ကြောင့် ရခဲ့ပုံတို့ကို ပြောပြလိုက်၏။

နောက် တစ်နေ့တွင် မောင်ဗလောင်းသည် ထမင်းထုပ်နှစ်ထုပ်နှင့် တောထဲသို့ သွားလေတော့သည်။ အဘိုးကြီးဆီ မရောက်ခင် တစ်ထုပ်ကို ဖြေ၍ စားလိုက်၏။

ထိုနောက် ဆက်လက်ထွက်ခဲ့ရာ တစ်နေရာတွင် သစ်ပင်ရင်း၌ လဲနေသော အဘိုးကြီးကို တွေ့လေတော့သည်။

မောင်ဗလောင်းသည် ထမင်းထုပ်ကလေးကိုဖြေ၍ ဘေးတွင်ချထားကာ အဘိုးကြီးကိုဆွဲထူလိုက်လေ၏။

"အမယ်မယ်. . ဖြေးဖြေးလုပ်ပါ မောင်ရင်ရာ၊ ဒီလို ဆောင့်ဆွဲမှ အားပြတ်နေတဲ့ အဘိုးကြီး သေရောပေါ့ဟ. . ."

"ဒီမှာ မသေအောင်. . . ထမင်းကျွေးမလို့ဘဲဟာ ကဲ-ကဲ ပါးစပ်ဟ"

ပြောရင်းဆိုရင်းက မောင်ဗလောင်းသည် အဘိုးကြီးကို ထမင်းကျွေးလေ၏။ ထိုသို့ ထမင်းကျွေးသောအလုပ် မြန်မြန်ပြီးစေရန် အတင်းနင်းကန် သွတ်လေတော့သည်။

"ဟယ်. . အည်း. . . အည်း. . . ဖူး ဖူး - နင် ငါ့ကိုထမင်းကျွေးတာမှ မဟုတ်ဘဲ လာသတ်နေတာ ထမင်းတွေ နင်ကုန်ပြီပေါ့

mgyoe.com

 gyoe.com



ဟ. . . "

အဘိုးကြီးက ပြောလိုက်မှ မောင်ဗလောင်းသည် အတင်းသွက်ခြင်းကို ရပ်လိုက်၏။ သို့သော် မြန်မြန်ပြီးလိုသော ဇောနှင့်ခပ်သုတ်သုတ်တော့ကျွေးသည်။ ထိုကြောင့် အဘိုးကြီးမှာ တစ်လုပ်ပြီးတစ်လုပ် ကမန်းကတန်း မျိုချနေရသဖြင့် မျက်စိကြီးများ ပြူးပြူးနေလေ၏။ မေးကြီးကိုလည်း ရှေ့သို့ ထိုး၍ထိုး၍ မျို မျိုချ နေရလေ၏။ ထမင်းစားရသည်မှာ မမြိန်တော့ဘဲ စိတ်ညစ်လာရသည်။

နောက်ဆုံးတွင် မောင်ဗလောင်းသည် စိတ်မရှည်တော့သဖြင့် အတင်းနင်းကန် သွတ်ပြန်လေတော့ရာ အဘိုးကြီးမှာ မောပန်း၍ မြော့မြော့ကလေး ကျန်တော့သည်။

"ဘကြီး. . . ဂူထဲကို ဝင်ပြီးရင် ဘာလုပ်ရသလဲ. . ."

"တံခါးရှေ့မှာ ငယ်လာဒါလို့ နှစ်ခွန်းအော်. . ."

အဘိုးသည် ဤမျှသာ ပြောနိုင်ပြီး 'ဂစ်'ခနဲ တက်နေလေတော့သည်။ စားပိုးနင့်သွား၏.

မောင်ဗလောင်းသည် အဘိုးကြီးကို ပစ်ထားခဲ့ပြီး ဂူထဲသို့ ဝင်လာခဲ့လေ၏။ ကျောက်တံခါးကြီး၏ ရှေ့သို့ ရောက်သောအခါ အော်ရန် ဟန်ပြင်လိုက်၏။

"ဟော မေ့နေပြီ. . . ဘာအော်ရပါလိမ့်၊ မေ့နေပြီ. . . "

"သေးလာဒါ. . သေးလာဒါ"

တံခါးမပွင့်ချေ။

"သေးသေးကလေး လာဒါ. . သေးသေးကလေး လာဒါ. . . "

ဘံခါး မပွင့်. . . ။

ဗလောင်းဗလဲနိုင်သော မောင်ဗလောင်းသည် ခေါင်းကို ကုတ်

mgyoe.com

လိုက်၏။ အမှန်မှာ "ငယ်လာဒါ" ဆိုသည်မှာ "ငါလာတယ်" ဟု ပြောခြင်းသာ ဖြစ်သည်ကို သူမသိ။ ငယ်ငယ်ကလေး လာဒါဟု မှတ်ထားမိခြင်းပင် ဖြစ်သည်။

"ချာတိတ်လာဒါ. . ချာတိတ်လာဒါ. . ."

တံခါးမပွင့်. . .။

"ပိစိညှပ်တောက်လေး လာဒါ- ပိစိညှပ်တောက်လေး လာဒါ"

တံခါးမပွင့်. . ။

မောင်ဗလောင်းသည် ခေါင်းကို ကုတ်လိုက်၏။ ဟော. . သတိရပြီ။

"ငယ်လာဒါ. . . ငယ်လာဒါ"

ကျောက်တံခါးကြီးသည် တရွေ့ရွေ့နှင့် ပွင့်သွားလေတော့သည်။

မောင်ဗလောင်းသည် ပါလာသော လွယ်အိတ်ကြီးနှင့် ရွှေ ငွေ၊ ကျောက်သံပတ္တမြားတို့ကို ပြည့်လျှံနေအောင် ထည့်၏။ ထိုနောက်စေ့ထားသော တံခါးဆီသို့ သွား၍ အထဲတွင် ဘာရှိမည်နည်းဟု သိချင်သဖြင့် တံခါးကိုဖွင့်ရန် လက်ကိုင်ကို ကိုင်လိုက်သည်။

မောင်ကောင်းပြန်ပြောသည့် စကားထဲတွင် ထိုတံခါးကိုဖွင့်သည်ဟု မပါသဖြင့် လက်ကို ပြန်ရုတ်၍ စဉ်းစားသည်။

ထိုနောက် သိချင်သောစိတ်က ပြင်းထန်လာသဖြင့် လက်ကိုင်ကို ပြန်ကိုင်လိုက်ပြန်၏။ တဖန် လက်ကို ပြန်ရုတ်၍ စဉ်းစားပြန်သည်။

"ဟယ် ဖွင့်ကြည့်မယ်ကွာ. . ."

တစ်ယောက်တည်း ပြောလိုက်ပြီးလျှင် တံခါးလက်ကိုင်ကို ကိုင်

mgyoe.com

mgyoe.com

လိုက်၍ တွန်းဖွင့်လိုက်လေသည်။

"ဟာ. . ."

အထဲတွင် သူတွေ့ရသည်ကား ကျောက်စာပွဲကြီး တစ်ခုဖြစ်၏။ ထိုကျောက်စာပွဲကြီး ပေါ်တွင်ကား ချိုလိမ် ချိုလိမ်အကြီးကြီး ဖြစ်၏။ ကလေးများ အိပ်ခါနီးစုပ်သော ချိုလိမ်အကြီးကြီးဖြစ်၏။ ဘယ်လောက်ကြီးသနည်းဆိုသော် ချိုလိမ်၏လက်ကိုင်ကွင်းကြီးမှာ ထမင်းစားပန်းကန်သာသာခန့် ရှိ၏။

ထိုချိုလိမ်ကြီးကို မြင်သောအခါ သူသည် မနေနိုင် အထိုင်နိုင် ဖြစ်လာပြီးလျှင် ဆတ်ခနဲ ကောက်ယူ၍ ပါးစပ်ထဲသို့ သွင်းလိုက်မိလေသည်။

ပါးစပ်သည် ပြဲ၍ ပြည့်သွား၏။

ပြန်၍ ဆွဲထုတ်သောအခါ ချိုလိမ်ကြီးသည် ပြန်ထွက်မလာတော့ချေ။ ပါးစပ်ထဲတွင် ပြည့်ကျပ်၍ "အာ. . . ဝူး. . . အာဝူး" နှင့် ဖြစ်နေတော့သည်။

ထို့နောက် မောင်ဗလောင်းသည် အိမ်သို့ ပြန်ပြေးလာကာ ချိုလိမ်ကို အမျိုးမျိုးချွတ်၏။ မရရချေ။

ဘာနှင့်လုပ်ထားသော ချိုလိမ်မှန်းမသိ။ လွှနှင့်တိုက်၍လည်း မရ။ ဘယ်လို ချွတ်ချွတ်မရချေ။ နွားနို့များ,ရေများကို ချိုလိမ်ဘေးမှ ကပ်ပြီး အစက်ချ သောက်ရသည်။

သူရခဲ့သော ရွှေ ငွေ ပစ္စည်းများမှာလည်း မတရားရထားသော ပစ္စည်းဥစ္စာများ ဖြစ်သောကြောင့် ကြာကြာမခံချေ။

မကြာမီ မောင်ဗလောင်းသည် ပြန်၍ မွဲတေသွား၏။ ပါးစပ်တွင် ချိုလိမ်ကြီး တန်းလန်းဖြစ်နေသောကြောင့် လူတောထဲ မထွက်

mgyoe.com

ဝံ့ဘဲ အိမ်တွင်းတွင်သာ ပုန်းနေသဖြင့် စိတ်ဆင်းရဲခြင်းသာ အဖတ်တင်လေတော့သည်။

ရွှင်လန်းနေပြည်တွင် နေထိုင်ကြကုန်သော လူအပေါင်းသည် ရောဂါကင်းဝေးပြီး ရွှင်လန်းနေကြသည်။ သို့သော် အခြားသူများ ရွှင်လန်းပျော်ပါးနေကြသော်လည်း မောင်ဗလောင်းသည် မရွှင်လန်းနိုင်ချေ။

မရွှင်လန်းနိုင်သူကား သူတစ်ယောက်တည်းတော့ မဟုတ်။ အခြား တစ်ယောက်လည်း ရှိပေသေးသည်။ ထိုတစ်ယောက်ကား အခြားသူ မဟုတ်။ ရွှင်လန်းနေပြည်ကို အုပ်ချုပ်သော ဘုရင်ကြီး၏ မိဖုရားကြီးပင် ဖြစ်ပေတော့သည်။

မိဖုရားကြီးသည် စည်းစိမ်ချမ်းသာနှင့် နေရသော်လည်း မပျော်နိုင်ပဲ ရှိနေသည်။ မျက်နှာမှာ အစဉ်ညှိုးနွမ်းနေ၏။ ထိုကြောင့်ရှင်ဘုရင်ကြီးသည် မိဖုရားကြီးပျော်ရွှင်မည့် နည်းလမ်းပေါင်းစုံကို ရှာဖွေပြုလုပ်သည်။

တစ်ခါတွင် မိဖုရားကြီးကို ပျော်အောင် ရယ်အောင်ပြုလုပ်နိုင်သူကို သမီးတော်နှင့် ပေးစားမည်ဆို၍ လူအများလာရောက်၍ ပျော်အောင်လုပ်ပြကြ၏။

တစ်ယောက်က လက်ဝါးနှစ်ဖက်ဖြန့်၍ လက်မများကို နားရွက်ပေါက်များထဲတွင် ထည့်ကာ လက်ချောင်းကလေးများလှုပ်၍ လျှာထုတ်ပြ၏။

မိဖုရားကြီးကား မရယ်။

တစ်ယောက်က ကင်းမြီးကောက်ထောင်ကာ .. ခြေနှစ်ချောင်းကို မိုးပေါ်၌ ယက်ကန်ယက်ကန် လုပ်ပြ၏။ ထိုသူသာ

mgyoe.com

တစ်ပတ်လန်ကျပြီး ဇက်လိန်သွား၏။ မိဖုရားကြီးကား မရယ် . . ။

နောက်တစ်ယောက်က ခြေတပေါင်ကျိုးလုပ်၍ ကပြ၏။ ထိုသူလည်း ခြေချော်လဲရာ ဒူးကွဲသွား၏။ မိဖုရားကြီးကား . . မရယ်။

မိဖုရားကြီးသာ မရယ်မောသော်လည်း အနားက ကြည့်နေသော ဘုရင်ကြီးမှာ ဂစ်ခနဲ တက်သွားသဖြင့် မိဖုရားကြီးရယ်အောင် လာရောက်ယှဉ်ပြိုင်သူများကို မောင်းထုတ်လိုက်ရသည်။

တစ်ခါတွင်လည်း နန်းတော်ထဲတွင် ပျော်ပွဲကြီးဆင်ယင်ကျင်းပ၏။ ရှင်ဘုရင်ကြီးက မိဖုရားကြီးရယ်မောစေရန် နန်းရင်ပြင်ထဲတွင် နှစ်ယောက်စီတစ်တွဲ ကြက်ဖခွပ်ခိုင်း၏။

အမတ်ကြီးနှင့် စစ်သူကြီးတို့အတွဲသည် မြင်ရသူတို့အဖို့ လွန်စွာရယ်မောရသည်။

အမတ်ကြီးမှာ နှစ်ချက် သုံးချက်ခွပ်လိုက်၊ ခေါင်းတွင် ဆောင်းထားသော ဦးဆောင်းကြီးမှာ ချောင်၍ လျှောကျလာရာ မျက်လုံးများအုပ်ကုန်သဖြင့် "အား . . ဝူး . . ဝါး . . ဝါး"နှင့်အော်ကာ ပြန်မ,တင်ရပြန်၏။ တစ်ချက်နှစ်ချက် ခွပ်လိုက်ဦးဆောင်းကြီးကို ပြန်မ,တင်ရနှင့်ဖြစ်နေသည်။ အင်္ကျီရှည်ကြီး၏ အနားစများမှာလည်း ဟိုရမ်း သည်ရမ်းနှင့်ဘေးနားက အပျိုတော်များ၏ မျက်ခွက်ကိုချည်း ပိတ်ပိတ်ရိုက်မိတော့ရာ အပျိုတော်များ ထပြေးကြရ၏။

ပြိုင်၍ ကြက်ဖခွပ်ရသော စစ်သူကြီးကိုကြည့်ပါဦး။

ကြက်ဖခွပ်ရန် ဆောင့်ကြောင့်ထိုင်လိုက်ရာ ဘောင်းဘီမှာ ကျပ်နေသဖြင့် တင်းသွားပြီး ကုန်းကွကွကြီးဖြစ်နေသည်။ ထိုသို့ ကုန်းကွကွကြီးဖြစ်လျက်ကပင် ခွပ်ရလေတော့ရာ ခြေထောက်များမှာ ဟိုရမ်းလိုက် သည်ရမ်းလိုက်နှင့် ကြက်ဖခွပ်နေသည်နှင့်မတူ လေ

mgyoe.com

ထဲတွင် ဘယ်တစ်ဖက် ညာတစ်ဖက် ဘောလုံးကန်နေသည်နှင့်တူ နေ၏။

ကြက်ဖခွပ်ရသည်မှာ တစ်နေရာထဲတွင် နေ၍မရသဖြင့် စစ်သူကြီးမှာ ဟိုကန်သည်ကန်နှင့် နေရာရွှေ့ရွှေ့သွားလေရာ . . ထွေးခံကြီးကန်မိသဖြင့် ထွေးခံကြီးမှာ 'ဂလုံ'ခနဲမြည်၍ လိမ့်သွားသည်။

ကွမ်းသွေးများလည်း စီးဆင်း၍ ပုဏ္ဏားတော်ကြီး၏ သိုရင်းအင်္ကျီဖြူဖြူ၏ အနားစများကို ပေကျံကုန်၏။

"အလယ်လယ် . . ငါ့အင်္ကျီပေနင့်ကီပြီ . . ပေနင့်ကီပြီလေ ဒုက္ခဖြစ်နင့်ကီပြီ"

ပုဏ္ဏားတော်ကြီး ထပြေးရတော့သည်။

စစ်သူကြီးမှာလည်း ဟိုကန်သည်ကန်နှင့် ကြက်ဖခွပ်ရင်း နေရာရွှေ့သွားရာ တိုင်နားက ရပ်နေသောအစောင့် စစ်သား၏ ညှို့သကျည်းကို တည့်တည့်ကန်မိလေတော့၏။

"သေပါပြီဗျာ . . သေပါပြီဗျာ"

အစောင့်စစ်သားသည် ခြေတစ်ဖက်မြှောက်၍ ခုန်ဆွ ခုန်ဆွ ဖြစ်သွားလေတော့သည်။

မိဖုရားကြီးကား မရယ်ချင်ဘဲ စိတ်တောင်ညစ်လာ၏။

ရှင်ဘုရင်ကြီးကသာ ဂစ်ခနဲ တက်သွားပြန်ရာ ပွဲတော်ကြီးကို ရုပ်သိမ်းလိုက်ရ၏။

ဤသို့ဖြင့် မိဖုရားကြီးကို ပျော်အောင်လုပ်ဖို့အတွက် လက်လျှော့ထားကြရလေသည်။

တစ်နေ့သော် အမတ်ကြီးတစ်ယောက်က ရှင်ဘုရင်ကြီးအား

mgyoe.com

 mgyoe.com



ဤသို့လျှောက်ထား၏။

"အနီးက ကျေးရွာတွင် ဆရာခေါင်းကြီးရောက်နေကြောင်းပါ ဘုရား"

ဤသို့ လျှောက်သံကြားသော် ရှင်ဘုရင်ကြီးသည် ဝမ်းသာသွား၏။ အမတ်ကြီးက "ဆရာခေါင်းကြီး"ဟုပြောသည်ကို "ကောင်းသော ဆရာ"ဟု ထင်သွား၏။

"ဟယ် ဆရာကောင်းကြီးဆိုရင် အခုချက်ချင်းခေါ်ခဲ့၊ မိဖုရားကြီးကို ရယ်အောင်ကုသခိုင်းရမယ်"

ရှင်ဘုရင်ကြီးက အမိန့်ချမှတ်သဖြင့် ဆရာခေါင်းကြီးသည် ရှေ့တော်သို့ ရောက်ခဲ့ရတော့သည်။

အဝေးက လာကတည်းက ခေါင်းကြီးလွန်းသည်ကို မြင်ရသဖြင့် ရှင်ဘုရင်ကြီးမှာ 'ခစ်ခနဲ' 'ခစ်ခနဲ'ရယ်ရယ်မိတော့သည်။ အနားသို့ရောက်လျှင် ဒီထက်ပိုပြီး ရယ်သဖြင့် တက်မည်စိုးပြီး အနားက လုလင်ပျိုကို ဤသို့မိန့်ကြား၏။

"ဟဲ့ လုလင် . . . ငါရယ်မိမလိုဖြစ်ရင် သံချွန်နဲ့ ငါ့တင်ပါးကို ထိုးပေး"

လုလင်ပျိုကလည်း သံချွန်နှင့် စောင့်ပြီး သတိပေးပေးနေရ၏။

ဆရာခေါင်းကြီးလည်း ဘုရင့်ရှေ့တော်သို့ ရောက်ခဲ့ရလေပြီ။

"ဟဲ့ ဆရာကောင်းကြီး"

ဆရာခေါင်းကြီးက မော့ကြည့်လိုက်၏။ တကယ်ကြီးသော ဦးခေါင်းပင်ဖြစ်သည်။

"ဟဲ့ ဆရာကောင်းကြီး ခစ် ရှူး အမလေး စူးလိုက်တာ"

"စူးတဲ့ရောဂါကို ကုရမှာလားဘုရား"

mgyoe.com

"မဟုတ်သေးပါဘူးလေ၊ ငါ့မိဖုရားကြီးက မရယ်နိုင် မပြုံးနိုင်ဘဲ ခစ် . . ရှုး . . အမလေး"

"သိပါပြီ ဘုရား . . . မိဖုရားကြီးက မရယ်နိုင် မပြုံးနိုင်ဘဲ ခစ် ရှုး အမလေးနဲ့ အော်အော်နေတယ်ဆိုပါတော့ ဘုရား"

"ဘယ်က ဟုတ်ရမှာလဲ၊ မိဖုရားကြီးက မပျော်ရွှင်တဲ့ ရောဂါဖြစ်နေတယ်၊ အဲဒါ မောင်မင်းက ပျောက်အောင်ကုသပေးရမယ် ခစ် . ."

"ရှုး . . အမလေး. ."

"မင်းက ဘာဖြစ်လို့ အော်ရတာလဲ . ."

"မသိဘူးလေ ဘုရာ့ . . အရှင်ဘုရားက ခစ်ဆိုပြီးရင် ရှုး. . အမလေးလို့ ဆက်ဆက်ဆိုလို့ ကျွန်တော်မျိုးက ဆက်ဆိုပေးတာပါ"

ဆရာခေါင်းကြီးသည် မိဖုရားကြီးကို ကြည့်ရှု၏။ ဘယ်လိုကုသရမှန်းမသိချေ။

ချွေးများပြန်လာသဖြင့် ဆရာ၏ဂုဏ်ကျေးဇူးများကို စိတ်ထဲက စိတ်ကူးပြီး ကန်တော့လိုက်၏။

ထို့နောက် . . .

"မိဖုရားကြီး ရောဂါက နည်းနည်းအချိန်ယူရဦးမယ်၊ ဒီမြို့တော်မှာ တခြားရောဂါသည်တွေ ဒီကိုခေါ်ခဲ့ပါ၊ သူတို့ကို အရင်ကုသရလိမ့်မယ်"

သို့သော် ရွှင်လန်းနေပြည်တွင် ရောဂါသည်မရှိသလောက် ရှားပါး၏။

နောက်ဆုံးတွင် ချိုလိမ်ကြီးပါးစပ်တွင် စွပ်လျက်ရှိသော မောင်ဗလောင်းတစ်ယောက်သာ ရောက်လာလေသည်။

mgyoe.com

 mgyoe.com 

ရှင်ဘုရင်ကြီးနှင့်မိဖုရားကြီး၊ သမီးတော်တို့ပါ ရောဂါကုသည်ကိုဝိုင်း၍ကြည့်ကြလေ၏။

ဆရာခေါင်းကြီးကား ဘာမှ ဟုတ်တိ ပတ်တိမလုပ်တတ်သဖြင့် ဆရာ၏ ဂုဏ်ကျေးဇူးများကိုသာ စိတ်ကူး၍ ကန်တော့နေလေသည်။

ထိုအခိုက်တွင် တောထဲရှိ ဂူကြီးတွင်နေသော နတ်ကြီး၏ သမီးနှင့် မြေးကလေးတို့သည် နတ်ပြည်သို့ သွားလည်နေရာမှ ပြန်လာကြလေ၏။ ထိုမြေးကလေးသည် ချိုလိမ်ကို စုပ်၍ နေတတ်သဖြင့် နတ်ပြည်ရှိ ဆွေမျိုးများထံတွင် ချိုလိမ်တစ်ခုရှိ၏။ ဤဂူကြီးထဲတွင် ချိုလိမ်တစ်ခုထား၏။

ပြန်ရောက်လာသောအခါ . . ချိုလိမ်ကို မတွေ့သဖြင့် အဘိုးကိုမေးလေတော့သည်။ အဘိုးက သူသည် စားပိုးနှင့်၍ မေ့မျော သွားစဉ် . . မောင်ဗလောင်းယူသွားသည်ထင်ကြောင်းနှင့် ပြောပြလေရာ နတ်မြေးကလေးသည် မောင်ဗလောင်းရှိရာသို့ နတ်မျက်စိဖြင့်ကြည့်၍ လိုက်လာလေ၏။

နတ်မြေးကလေးမှာ မတ်တတ်ပြေးစအရွယ်ဖြစ်သော်လည်း လူကြီးနှစ်ဆခန့်ကြီး၏။

ထိုအချိန်တွင် နန်းရင်ပြင်ထဲရှိ ဆရာခေါင်းကြီးမှာ ဆရာ၏ အမှာအတိုင်း ဆေးဗူးကိုဖွင့်၍ မောင်ဗလောင်း၏ နှာခေါင်းဝသို့ ဘာမပြော ညာမပြောနှင့် ကပ်လိုက်လေသည်။

ဆေးနံ့မှာ တော်တော်ပြင်းသဖြင့် အဝေးမှ ရှင်ဘုရင်ကြီးကပင် "ဟယ် . . အရေးထဲ ဘယ်အကောင်လာပြီး အီးပေါက်နေမှန်းမသိပါဘူး"ဟု ပြောမိသည်။

mgyoe.com

မောင်ဗလောင်းသည် လွန်စွာနံသော ဆေးနံ့ကြီးကို ရှူလိုက်မိသည်တွင် "အာ . . ဖွတ်"ဟုအရှိန်ပြင်းစွာ လေတွေကန်ထွက်လာလေရာ ပါးစပ်ထဲမှ ချိုလိမ်ကြီးသည် "ဖုန်းခနဲ"ကျွတ်ထွက်သွားလေတော့၏။

သို့သော်ချိုလိမ်ဂွင်းမှာ ရှေ့တည့်တည့်တွင်ရှိသော ဆရာခေါင်းကြီး၏ ထိပ်မှစ၍ စွပ်မိလေတော့ရာ ဘယ်လိုဖြစ်သွားသည်မသိ။ ဆရာခေါင်းကြီးသည် ရုန်းရင်း ကန်ရင်းနှင့်ပင် ချိုလိမ်ကြီးမှာ လည်တွင် စွပ်နေလေတော့သည်။ စို့ရသည့် အဖုကား လည်တိုင်ရှေ့တွင် ငေါက်တောက်တောက်ကြီး ထွက်နေလေသည်။

ထိုခဏ၌ နတ်မြေးကလေးလည်း ရောက်လာရာသူ့ချိုလိမ်ကို တွေ့သဖြင့် ဝမ်းသာအားရ ပြေး၍ ပါးစပ်ဖြင့် ကုန်းစုပ်လေ၏။

ဆရာခေါင်းကြီးမှာ သူ့မျက်နှာနားတွင်လာ၍ ချိုလိမ်ကြီးကို 'ဇုပ်ပွ ဇုပ်ပွ'နှင့် စို့နေခြင်းကို မနှစ်မျို့သဖြင့် ချာခနဲဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်နှင့် လုပ်နေရာ နတ်မြေးကလေးမှာလည်း ကားခနဲ ဟိုဖက်လွင့်ပါလိုက် ကားခနဲ ဒီဖက်လွင့်ပါလိုက်နှင့် ဖြေနေတော့သည်။

ချိုလိမ်ကိုကား သည်းသည်းမည်းမည်းစို့နေသည်ဖြစ်သောကြောင့် ပါးစပ်မှတော့ ပြုတ်မထွက်ချေ။

ခေါင်းကြီးကြီးနှင့်လူ၊ သူ၏ လည်ပင်းတွင် ချိုလိမ်ကြီး စွပ်လျက်။ ထိုချိုလိမ်ကြီးကို လူ့အရပ်နှစ်ဆလောက်ရှိသူက တပြွတ်ပြွတ်နှင့် စုပ်နေ။ စုပ်နေပြန်သော်လည်း ငြိမ်ငြိမ်စုပ်နေ၍မရ။ ကားခနဲ ဟိုလွင့်လိုက် ကားခနဲ ဒီလွင့်လိုက်ဖြစ်နေသည်။

ဤသည်ကိုမြင်ရသောအခါ . . မိဖုရားကြီးသည် "ဝါး ဟား